# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၇၆)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၁၄–၂–၂၀၂၆၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၅၀ တို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၅၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍

*စာမျက်နှာ ၆ သို့*

## မက္ကဒေးမီးယားသီးနှံပင် စိုက်ပျိုးသည့် တောင်သူများ ဝင်ငွေကောင်းပြီး အကျိုးအမြတ် ပိုမိုရရှိလာတော့မည်



နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးမှုနှင့် နိုင်ငံတကာ ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်လာတော့မည့် နှစ်ရှည်ပင်အမျိုးအစားတွင် ပါဝင်သည့် မက္ကဒေးမီးယား (Macadamia) သီးနှံတစ်မျိုးသည် ယခုလက်ရှိတွင်လည်း အိမ်နီးချင်းနိုင်ငံကြီးတစ်ခု၏ ဝယ်လိုအား ကမ်းလှမ်းလာမှုများကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ဝင်ငွေအကျိုးအမြတ် ပိုမိုရရှိလာတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ သိရသည်။

မက္ကဒေးမီးယားသီးနှံသည် အခွံမာသီးနှံတစ်မျိုးဖြစ်ပြီး နှစ်ပေါင်းရာချီသက်တမ်းရှိသော နှစ်ရှည်ပင်တစ်မျိုးဖြစ်ရာ (နှစ် ၆၀ မှ နှစ် ၁၀၀ အထိ) ရှိနိုင်ပြီး ကျန်းမာရေးအတွက် အလွန်အကျိုးပြုသော အာဟာရဓာတ်မျိုးစုံပါဝင်သည့်အပြင် လူသားအကျိုးပြုမပြည့်ဝဆီပါဝင်မှုသည် အခြားသီးနှံများထက် ပိုမိုသည့်အတွက် ကမ္ဘာ့အကောင်းဆုံး အစေ့အဆန် (Nut) အဖြစ် ကမ္ဘာကျော်သော သီးနှံဖြစ်သည်။

ရှမ်းပြည်နယ် နောင်ချိုဒေသတွင် ဧက ၅၀၀၀ မက္ကဒေးမီးယားစီမံကိန်းရုံးကို ဖွင့်လှစ်ခဲ့ပြီး ထိုမှတစ်ဆင့်မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးသင့်သော နေရာဒေသများသို့

**စာမျက်နှာ ၃ သို့**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ စနေနေ့။

မန္တလေး

## လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

MSME များ ထုတ်လုပ်မှုလုပ်ငန်း စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော မြေနေရာရရှိရေး မျိုးကောင်းမျိုးသန့်ရရှိရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။ ထို့ပြင် စိုက်နည်းစနစ်များ မှန်ကန်မှသာ အထွက်နှုန်းတိုးတက်မည်ဖြစ်၍ နည်းပညာများကိုလည်း မျှဝေဖြန့်ဝေပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား ပြည်ပမှတင်သွင်းရမှုကို လျှော့ချနိုင်ရန်အတွက် သုတေသနပြုလုပ်ခြင်း၊ စမ်းသပ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ရရှိလာသည့် နည်းပညာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပလျက်ရှိသည့် နေပြည်တော်ရင်ပြင် ကွပ်ကဲရေးရုံး၌ ကျင်းပသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

ပြပွဲတွင် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ပစ္စည်း ကိရိယာများ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီးဖြစ်၍ အားနည်းချက်များကို ပြုပြင်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက စပါးများစိုက်ပျိုးရာတွင် ကြဲပက်သည့်စနစ်နှင့် အစေ့ချစိုက်ပျိုးသည့်စနစ်တို့သည် အထွက်နှုန်း တူညီမှုမရှိပါကြောင်း၊ ထို့ကြောင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် အစေ့ချစိုက်ပျိုးသည့်စနစ်၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပေါင်းနုတ်ပေါင်းရှင်း စက်ပစ္စည်းကိရိယာများကိုလည်း သုတေသနပြု၍ စမ်းသပ်တီထွင် ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ဆွဲမျိုးစေ့ချစက် အသုံးပြု၍ စိုက်ပျိုးပါက သတ်မှတ်ထားသည့် ပမာဏအတိုင်း အသုံးပြုနိုင်ရေး ချိန်ညှိဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်မီစိုက်ပျိုးရိတ်သိမ်းနိုင်၍ လေလွင့်မှုမရှိသဖြင့် အထွက်နှုန်းတိုးတက်လာပါကြောင်း ဆွေးနွေးပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ထုတ်ကုန်ပစ္စည်းများ အမြောက်အမြား ထုတ်လုပ်နိုင်ရေးအတွက် အခြေခံဖြစ်သည့် ဒီဇိုင်းပုံစံများကို စနစ်တကျရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်လျှင် အောင်မြင်တိုးတက်မည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဆွေးနွေးပြောကြားသည်။

MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်သည် သာမန်ထုတ်ကုန်ပစ္စည်း ပြသရောင်းချခြင်းမဟုတ်ဘဲ နိုင်ငံတော်အကြီးအကဲ၏ ချမှတ်ထားသည့်မူဝါဒကို အကောင်အထည်ဖော် လက်တွေ့ပြသသည့် အမျိုးသားအဆင့်ပြပွဲတစ်ခုဖြစ်သည်။ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များကို အသုံးပြု၍ ထုတ်လုပ်မှုနည်းစဉ်များဖြင့် ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးပြည့်မီသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း၌ လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးကို အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ဆန်စပါးဈေးနှုန်း မြင့်တင်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးမှုများ အရှိန်အဟုန်မြင့် ဆောင်ရွက်

**အောင်လံ ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်း ဆန်စပါးဈေးကွက် တည်ငြိမ်စေရေးနှင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးအတွက် ဆန်စက်များ၊ ဆန်ပွဲရုံများနှင့် လက်လီ၊လက်ကား အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးမှုများကို ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ စစ်ဆေးမှုများဆောင်ရွက်ရာတွင် အောင်လံမြို့နယ် ဆန်စပါးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေနှင့် တာဝန်ရှိသူများက ဆန်စက်၊ ပွဲရုံနှင့် ဆိုင်များတွင် လက်ကျန်စာရင်းမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပြည်တွင်းဆန်စပါးဈေးကွက်အတွင်း၌ အချို့သော ကုန်သည်များက ရွှေဘိုပေါ်ဆန်းအပါအဝင် ဆန်စပါးအချို့ကို ဈေးနှုန်းမြင့်တင်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်းရှိ၊ မရှိကို အဓိကထား စစ်ဆေးကြသည်။

ကြီးကြပ်ရေးအဖွဲ့များသည် ဆန်စပါးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုစနစ် ကောင်းမွန်စေရန်၊ ဆန်စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းများ၊ တိုင်းဒေသကြီးပြင်ပသို့ ဆန်စပါးသယ်ဆောင်မည့်ကိစ္စရပ်များတွင်လည်း အရေအတွက်နှင့် တင်ပို့မည့် ဒေသများကို ကြိုတင်ခွင့်ပြုချက် ရယူဆောင်ရွက်စေခြင်းဖြင့် ဈေးကွက်အတွင်း ဆန်ပြတ်လပ်မှုမရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀

## မြစ်သားမြို့နယ်အတွင်းရှိ ဆောင်းသီးနှံ ကုလားပဲစိုက်ခင်းများ မကြာမီရိတ်သိမ်းခြွေလှေ့ ရောင်းချရာတွင် ဈေးကောင်းရရှိရန် ဒေသခံတောင်သူများ မျှော်လင့်

**မြစ်သား ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားရှိသော ကုလားပဲသီးနှံစိုက်ခင်းများ ဒေသခံတောင်သူများက



နွေသီးနှံပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ကုလားပဲစိုက်ခင်းများမကြာမီ ရိတ်သိမ်းခြွေလှေ့ ရောင်းချရာတွင် ဈေးကောင်းရရှိရန် ဒေသခံတောင်သူများ မျှော်လင့်နေကြောင်း သိရသည်။

ယခုနှစ်အတွက် မြစ်သားမြို့နယ်အတွင်းရှိ ကုလားပဲစိုက်ခင်းများကို ဒေသခံတောင်သူများအနေဖြင့် ယခင်နှစ် ဧကရာခိုင်နှုန်းထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဓိကအားဖြင့် ဒေသရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်းပိုမိုကောင်းမွန်သည့် ရေဆင်း(၇)နှင့် ရေဆင်း(၈)မျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများက ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ စိုက်ပျိုးဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် သတ်မှတ်လျာထားသည့် ဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဒေသခံတောင်သူများကလည်း ဝယ်ယူသည့်ဈေးနှုန်းသည် သင့်တင့်သည့် အမြတ်ငွေရရှိရန်နှင့် ဈေးကောင်းရရှိရန် မျှော်လင့်နေကြောင်း ဒေသခံတောင်သူများနှင့် လက်ပံဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကုလားပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

(ဓဲပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

## ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် သီရိပေမာအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ ကြီးမှူးကျင်းပသည့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက အဆိုပါရပ်ကွက်ရှိ ရွှေမန်းပိုက်ကျော်ခြင်းအသင်း အားကစားကွင်းတွင် ကျင်းပသည်။

ဆုပေးပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့်ရာအိမ်မှူးများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို ကျေးဇူးတင်စကားပြောကြားပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသော The King အသင်းအား တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်း ဆုနှင့်ငွေသားဆု၊ ဒုတိယဆုရရှိသော မီးနဂါးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆု၊ တတိယဆုရရှိသော ကျောက်မီးသွေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖ ဦးဆန်းမောင်၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ဦးသိန်းဦးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၄၁)**




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကိုအပိုင်းသုံးပိုင်းဖြင့်ဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ယခင် ရွေးကောက်ပွဲများနှင့် မတူညီဘဲ အခက်အခဲအမျိုးမျိုးကြားမှ ဆောင်ရွက်ခဲ့ရသော်လည်း စိတ်အားထက်သန်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများ၊ နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန်ကျေပွန်စွာ၊ စိတ်ပါဝင်စားစွာ လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ယခုကဲ့သို့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပေးနိုင်ရန် ဦးစားပေးအနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့၏ လူဦးရေစာရင်းများအပေါ် အခြေခံ၍ မဲဆန္ဒရှင်စာရင်းပြုစုခဲ့ပြီး မဲဆန္ဒရှင်များ လာရောက်ကြည့်ရှု၍ဖြည့်စွက်ပြင်ဆင်ခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲမတိုင်မီ သုံးကြိမ်တိုင် ကပ်ထားကြေညာပေးခြင်း၊ မဲစာရင်းများမှန်ကန်မှုရှိရေး နိုင်ငံရေးပါတီများအား ဖိတ်ခေါ်၍ ပူးပေါင်းစိစစ်ခြင်းများကို စနစ်တကျကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်း၍ ရက်ပေါင်း ၆၀ ခွင့်ပြုပေးခဲ့ပြီး နိုင်ငံရေးပါတီများ၏ တင်ပြချက်အရ ရွေးကောက်ပွဲအပိုင်းလိုက် ထပ်မံခွင့်ပြုပေးခဲ့ကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ကြသည့်အတွက်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်း ပြည်ပမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ခဲ့ကြောင်း၊ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များကို ယခင် ရွေးကောက်ပွဲများနှင့်မတူဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်စောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲအပိုင်းလိုက် နိုင်ငံရေးပါတီများအား အကြောင်းကြားစာများပေးပို့စေခဲ့ပြီး လာရောက်ကြည့်ရှုသည့် ကိုယ်စားလှယ်စာရင်းများကိုပါ တင်ပြစေခဲ့ပါကြောင်း၊ ရွေးကောက်ပွဲ မဲမသမာမှု မဖြစ်စေရေး အလေးထားဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ကျင်းပခဲ့သည့် ရွေးကောက်ပွဲအပိုင်း သုံးပိုင်းလုံးတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိ၍ မဲပေးမှုရာခိုင်နှုန်း ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲအပိုင်းလိုက် ထုတ်ပြန်ကြေညာပေးခဲ့ပြီး အနိုင်ရကိုယ်စားလှယ်စာရင်းများအပြင် FPTP မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ၊ PR မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တွက်ချက်မှုပုံစံတို့နှင့်အတူ ပါတီအလိုက် ကိုယ်စားလှယ်ရရှိမှုအခြေအနေများကို တစ်ပြိုင်နက် ထုတ်ပြန်ကြေညာပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် မဲရုံတစ်ရုံချင်းစီအလိုက် စာရင်းများကိုပါရယူ၍ ရလဒ်တွက်ချက်ခြင်းများကို ကော်မရှင်အဖွဲ့ခွဲများနည်းတူဆောင်ရွက်ခဲ့ပြီး စနစ်တကျ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲရလဒ်အသေးစိတ်များကို နိုင်ငံရေးပါတီများမှခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ လေ့လာကြည့်ရှုနိုင်ရန် ပွင့်လင်းမြင်သာစွာ ခင်းကျင်းပြသထားကြောင်း၊ မိမိပါတီ၊ မိမိကိုယ်စားလှယ်လောင်းများ နစ်နာမှုရှိသည်ဟုယူဆပါက သတ်မှတ်ကာလအတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ အပိုင်းလိုက် ပိုမိုပြည့်စုံ၍ စနစ်တကျဖြစ်စေရန်၊ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးနှင့် လိုအပ်မှုများ မရှိစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာသံရုံးများမှကိုယ်စားလှယ်များအား ဖိတ်ကြား၍ ရွေးကောက်ပွဲအပိုင်းအားလုံးကို စောင့်ကြည့်လေ့လာခဲ့ကြပြီး လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲ၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အောင်မြင်သည့် ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြကြောင်း၊ နိုင်ငံတကာနှင့်ပြည်တွင်း သတင်းမီဒီယာများမှ သတင်းမီဒီယာများကလည်း ရွေးကောက်ပွဲတွင် လွတ်လပ်စွာ သတင်းရယူခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ၏ စည်းကမ်းစနစ်တကျဖြင့် အဆင်ပြေစွာ လာရောက်မဲပေးခဲ့မှုများကို ရိုက်ကူးထုတ်လွှင့်ဖော်ပြခဲ့ကြကြောင်း။

ရောနှောထားသောကိုယ်စားလှယ် အချိုးကျစနစ် (MMP) ကျင့်သုံးခြင်းအားဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ပါတီအရေအတွက် မြင့်မားလာကြောင်း၊ နိုင်ငံရေးပါတီ ၃၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ပါတီ ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၁၅ ရွေးကောက်ပွဲတို့တွင် နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ်လောင်းများသာ ရွေးကောက်ခံခဲ့ရသော်လည်း ယခုရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီ ၅၇ ပါတီအနက် နိုင်ငံရေးပါတီ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် တစ်ဦးတို့ ရွေးကောက်တင်မြှောက်ခံခဲ့ရကြောင်း၊ ထို့ကြောင့် ယခင်ရွေးကောက်ပွဲများထက် တိုင်းရင်းသားပါတီများ၊ ပါတီငယ်များ လွှတ်တော်အတွင်း ကိုယ်စားပြုခွင့် ပိုမိုရရှိလာကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပပြီးစီးသွားသော်လည်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် အမြဲတမ်းရှင်သန်နေသည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရေး ဆောင်ရွက်ခြင်း၊ ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲအပေါ်တွင် အားသာချက်၊ အားနည်းချက်များကိုလည်း ပြန်လည်သုံးသပ်လျက်ရှိပြီး ဥပဒေ၊ နည်းဥပဒေပြင်ဆင်ရေးအပါအဝင် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားမည့် ကိုယ်စားလှယ်နေရာများနှင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့သည့် မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးမည့်အချိန်တွင် အဆင်သင့်ဖြစ်နေစေရေး နိုင်ငံရေးပါတီများအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် စဉ်ဆက်မပြတ်ထိတွေ့နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်ရွေးချယ်မခံရသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း လွှတ်တော်ပြင်ပအမျိုးသားနိုင်ငံရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်သူလူထုအကျိုး၊ မဲဆန္ဒရှင်များ၏အကျိုးကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ထောက်ခံအားပေးမှုကိုရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီးပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၅ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ

တိုးချဲ့စိုက်ပျိုးခဲ့ရာ ယခုအခါတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးဧကများစွာ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

အထူးသဖြင့် ရှမ်းပြည်နယ်တွင် ၁၀ ဧကနှင့်အထက် စိုက်ပျိုးသူ ၃၄၁ ဦးရှိပြီး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ကောင်းများဖြင့် အသုံးပြုစိုက်ပျိုးလာကြကာ (G.A.P)လက်မှတ်ရရှိပြီးသူ ၆၇ ဦး အထိ ရှိလာသည့်အတွက် အနာဂတ်ကာလအတွက် နိုင်ငံ့ဝင်ငွေ ပိုမိုရှာဖွေပေးနိုင်သော အဓိကသီးနှံတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်သည်။

"မက္ကဒေးမီးယား သီးနှံက လူသိနည်းပေမယ့် ဝင်ငွေကောင်းပြီး ကျန်းမာရေးအတွက် အကျိုးပြုတဲ့ အမယ်သစ်သီးနှံအဖြစ် ရေမြေနဲ့ကိုက်ညီတဲ့ ဒေသတွေမှာ တိုးချဲ့စိုက်ပျိုးလာစေဖို့ ဒါက နံပါတ်(၁)ပါ၊ ဒီသီးနှံနဲ့ပတ်သက်ပြီး ဒေသတွင်းရှိ ခြံငယ်ရှင်တွေ စိုက်ပျိုးထုတ်လုပ်မှုနဲ့ နည်းပညာအခက်အခဲတွေရှိရင် နည်းပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးပြီး နည်းပညာဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ကုန်ကြမ်းအဖြစ် ထုတ်လုပ်ရောင်းချနေခြင်းကနေ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်းစားသုံးမှုအပြင် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက် သုံးခုနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်"။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ ပြည်ပပို့ကုန် တန် ၁၅၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ပြည်တွင်းစားသုံးမှုပမာဏအနေနဲ့ တန် ၅၀ စုစုပေါင်း တန် ၂၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။ အခုဆိုရင် အိမ်နီးချင်းနိုင်ငံကြီးတစ်ခုအနေနဲ့ ဝယ်လိုအား ပမာဏအများဆုံး ကမ်းလှမ်းထားတာရှိပါတယ်။ ပြီးတော့ မက္ကဒေးမီးယားသီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်" ဟု နှစ်ရှည်သီးနှံဌာနခွဲအောက်ရှိ ရှမ်းပြည်နယ် မက္ကဒေးမီးယားခြံများ တာဝန်ခံပညာရှင် ဦးစီးအရာရှိ ဦးတင်နိုင်ထွန်းက ပြောသည်။

အဆိုပါ မက္ကဒေးမီးယားသီးနှံသည် ၂၀၁၆-၂၀၁၇ အတွင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၌ ဧက ၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံးစိုက်ဧကမှာ ၁၅၀၀၀ ကျော်အထိ ရှိလာခဲ့ရာ ဧက ၅၀၀၀ ကျော် ရိတ်သိမ်း၍ တန်ချိန် ၁၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

မက္ကဒေးမီးယား (Macadamia)သီးနှံ၏ မူရင်းဒေသမှာ ဩစတြေးလျ (Australia)နိုင်ငံ (Queensland)ဒေသနှင့် (New-south wales)ကမ်းရိုတန်းဒေသတို့မှဖြစ်ကြောင်း၊ အဆိုပါသီးနှံကို ကိုင်းဆက်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက အပင်သက်တမ်း ငါးနှစ်ပြည့်လျှင် စီးပွားဖြစ်ခူးဆွတ်နိုင်မည်ဖြစ်ပြီး အစေ့စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပါက အပင်သက်တမ်း ခုနစ်နှစ်၊ ရှစ်နှစ်တွင် စီးပွားဖြစ် စတင်ခူးဆွတ်နိုင်မည်ဖြစ်သည်။

မက္ကဒေးမီးယား သီးနှံသည် သက်တမ်းရှည် အကျိုးခံစားခွင့်ရှိသော သီးနှံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးခံစားခွင့် ပိုမိုမြန်ဆန်စေပြီး ပြည်ပဝင်ငွေများ ရရှိနိုင်သော ပြည်ပပို့ကုန်သီးနှံဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံစိုက်ပျိုးထုတ်လုပ်လိုသူ တောင်သူများအနေဖြင့် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)နှစ်ရှည်သီးနှံဌာနခွဲထံ ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

# MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက်အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပလျက်ရှိသည့် နေပြည်တော်ရင်ပြင်ကွပ်ကဲရေးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များအား ကိုယ်တိုင်ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် စိုက်ပျိုးရေးနည်းပညာများကို ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်ဖြစ်ရမည့်အပြင် အပင်ပေါက်ရောက်မှုရာခိုင်နှုန်းများသည့်မျိုးစေ့များကို အလေးပေးရွေးချယ်အသုံးပြုရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေး ပညာရှင်များအနေဖြင့် သုတေသနလုပ်ငန်းများကို အစဉ်အမြဲ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုးများ၊ ဝါပင်များစသည်တို့ကို မီးမရှို့ဘဲ လောင်စာအတောင့်အဖြစ် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် သုံးစွဲသူများ ဝယ်ယူသည့်ပစ္စည်းများကို ထုတ်လုပ်ရောင်းချနိုင်ရေး စီမံဆောင်ရွက်သင့်ပါကြောင်း၊ MSME ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် MSME များမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကိုသာ ခင်းကျင်းပြသ၊ ရောင်းချသည့် ဈေးဝယ်စင်တာများကိုသာ ဖော်ဆောင်သင့်ပါကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအနေဖြင့် အစွမ်းကုန်ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ စက္ကူစက်ရုံ (ရေနီ)၊ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုး၍ စားသုံးဆီကြိတ်ခွဲထုတ်လုပ်နိုင်မှုအခြေအနေ၊ အဝတ်အထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါမှ ဝါဂွမ်း၊ ချည်၊ ပိတ် ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်၊ ဝါးစိုက်ပျိုးအသုံးပြုနိုင်မှု အခြေအနေတို့ကိုဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများကသိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဆွေးနွေး ဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သည့်လုပ်ငန်းများအနေဖြင့်အသုံးပြုသည့် ကုန်ကြမ်းများ လုံလောက်မှုရှိမှသာ စက်စွမ်းအားပြည့်လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီစက်များ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထွက်ရှိသည့် သီးနှံများကိုလည်း ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူအသုံးပြုရမည်ဖြစ်ကြောင်း၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကောင်းမွန်သည့် စိုက်ပျိုးရေးစနစ်၊ ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ(၁၁) ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများအား အနှစ်သာရရှိစွာ ဆောင်ရွက်မှသာ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက MSME လုပ်ငန်းရှင်များ၏ အခက်အခဲနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံပေးရေး လမ်းညွှန်မှုပြုသဖြင့် ယခုအသိပညာပေးဆွေးနွေးပွဲများကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ MSME တွင် ထုတ်လုပ်မှု၊ ရောင်းချမှု၊ ဝန်ဆောင်မှု၊ အခြားဟူ၍ ခွဲခြားထားပါကြောင်း၊ MSME များအား ဖွံ့ဖြိုးတိုးတက်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ယခုပြပွဲတွင် ဝန်ကြီးဌာနပြခန်းများကို ထည့်သွင်းပြသထားပါကြောင်း။

ယခုပြပွဲသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်မှုအဖြစ် ပြည်ထောင်စုအဆင့်ပြပွဲဖြစ်ကြောင်း၊ ပြပွဲတွင် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ အားနည်းချက်များကို အမြန်ဆုံးပြုပြင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် MSME များမှ ပါဝင်ဆောင်ရွက်နိုင်သည့်ကဏ္ဍများကို ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ စမ်းသပ်ထုတ်လုပ်ခြင်း၊ လိုအပ်ချက်များကို ပြုပြင်ခြင်းစသည့် အဆင့်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိထုတ်ကုန်ပစ္စည်းများကို မူပိုင်ခွင့်ရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် MSME ထုတ်ကုန်နှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လုပ်ငန်းရှင်များ၏ အခက်အခဲများကို ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များအား ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ MSME ထုတ်ကုန်များသည် မူပိုင်ခွင့်ရရှိရန်အရေးကြီးသဖြင့် ဆွေးနွေးမှုများကို အလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် ရရှိသည့် အသိပညာဗဟုသုတများကို လုပ်ငန်းရှင်အချင်းချင်းပြန်လည်မျှဝေပေးသွားရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးချစ်ဆွေက ဝန်ကြီးဌာနအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပနှင့်ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်များ လိုအပ်သည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများ တင်သွင်းခွင့်ရရှိရေးအတွက် သွင်းကုန်လိုင်စင်များရရှိရေး စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ပို့ကုန်လိုင်စင်ထုတ်ပေးလျက်ရှိပါကြောင်း၊ MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် တစ်နှစ်ထက်တစ်နှစ် အရည်အသွေးပိုမိုကောင်းမွန်လာသဖြင့် ဈေးဝယ်စင်တာကြီးများတွင် ယခင်ကထက် ပိုမိုခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း၊ လုပ်ငန်းရှင်းများကို ပြည်တွင်းရှိ အထူးစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်အချင်းချင်း ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများရှိပါက တင်ပြပေးပါရန်နှင့် လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူပိုင်ခွင့်ဆိုင်ရာနှင့်စပ်လျဉ်း၍ သိရှိသင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆဋ္ဌမနေ့ကို နေပြည်တော်ရင်ပြင်၌ ဆက်လက်ကျင်းပ

## ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက် ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ဆဋ္ဌမနေ့ကို နေပြည်တော်ရင်ပြင်၌ ဆက်လက်ကျင်းပလျက်ရှိရာ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက် ကြည့်ရှုလေ့လာကြသဖြင့် အထူးစည်ကားများပြားသည်။

ပြပွဲသို့ လာရောက်ကြသည့် ပြည်သူများအား သက်ဆိုင်ရာပြခန်းများအလိုက် MSME ထုတ်ကုန်များအကြောင်းကို ပြခန်းတာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြသည်။

ပြခန်းအလိုက် ပြသထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားရိုးရာ အစားအသောက်များ ရောင်းချပေးသည့် ဈေးဆိုင်ခန်းများတွင်လည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည်ကို တွေ့ရသည်။

ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်ပြသလျက်ရှိပြီး ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပါအဝင် ပြခန်းပေါင်း ၁၂၀ ကျော် ပြသရောင်းချလျက်ရှိသည်။

ယနေ့ပြပွဲ ဆဋ္ဌမနေ့သို့ လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူ ၁၄၀၀၀၀ ကျော် ရှိကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေးနှင့် မန္တလေးနန်းမြို့ရိုး ပြုပြင်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေးနှင့် မန္တလေးနန်းမြို့ရိုး ပြုပြင်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗလငါးတန်နှင့်ပြည့်စုံသည့် ပညာတတ်များ ဖြစ်မြောက်လာစေရေး အလေးထားဆောင်ရွက်နေမှု၊ အခြေခံပညာသင်ယူတတ်မြောက်ရန်အတွက် တစ်ဦးချင်းစီအလိုက် သင်ယူနိုင်သည့် အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေး၊ KG မှ Grade-9 အထိ မသင်မနေရ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမြဲရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေး ကလေးများ ကျောင်းနေလာအောင် စည်းရုံးဆောင်ရွက်မှု၊ လှုံ့ဆော်မှု၊ အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာဖြေရှင်းနိုင်မှုနှင့် ကူညီပံ့ပိုးမှုများကို အားလုံးပူးပေါင်းဆောင်ရွက်သွားရန်တို့ကိုလည်းကောင်း၊ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးနန်းမြို့ရိုးနှင့် ရှေးဟောင်းဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများအား ဆောင်ရွက်သည့်လုပ်ငန်းများအလိုက် ဆောင်ရွက်ကြရသည့် အချိန်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်သွားရန်တို့ကိုလည်းကောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း ပြောကြားခဲ့သည်။



ငင်းနောက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တိုင်းဒေသကြီးရှိ အခြေခံပညာ ကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေးလုပ်ငန်းစီမံချက်များကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူးက မန္တလေးနန်းမြို့ရိုး ပြုပြင်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရှေးဟောင်းဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အင်းဝမြို့ဟောင်းရှိ မောင်အိုအုတ်လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ လူမှုရေးရာဝန်ကြီးနှင့် အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ





# (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲတွင် တေးသီချင်းများ၊ သရုပ်ဖော်အကများဖြင့် ဧည့်ခံဖျော်ဖြေလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားကို မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မြမာလာဥယျာဉ်တွင် ကျင်းပလျက်ရှိရာ ပြပွဲလာ ဧည့်ပရိသတ်များအား နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီထိ တစ်ကြိမ် တေးသီချင်းများ၊ သရုပ်ဖော်အကများဖြင့် ဧည့်ခံဖျော်ဖြေလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်အားပေးကြည့်ရှုခဲ့သည်။

**(အပေါ်ပုံ)**

ထိုသို့ဧည့်ခံဖျော်ဖြေရာတွင် နံနက်ပိုင်းက မြို့မအပျော်တမ်းတူရိယာအသင်းနှင့် ဘဏ္ဍာရေးဌာနနှင့် အခွန်ဌာနဝန်ထမ်းများ၏ အကအလှများ၊ တေးသံသာများဖြင့်လည်းကောင်း၊ ညနေပိုင်းတွင် ပန်း ဥယျာဉ်နှင့်ကစားကွင်းများဌာနနှင့် ရေနှင့်သန့်ရှင်းမှုဌာန ဝန်ထမ်းများ၏ အကအလှများ၊ တေးသံသာများ၊ DJ Music များဖြင့်လည်းကောင်း၊ မြို့မတူရိယာအသင်း၏ ဖျော်ဖြေမှုများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် တိမ်ပန်းချီ တေးဂီတအဖွဲ့နှင့် နံနက်ပိုင်းတွင် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ အဆောက်အအုံနှင့်ကုန်ရုံဌာနနှင့် လမ်းတံတားဌာန ဝန်ထမ်းများ၏ အကအလှ၊ တေးသံသာများဖြင့်လည်းကောင်း၊ ညနေပိုင်းတွင် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနနှင့် စစ်ဆေးရေးဌာန ဝန်ထမ်းများ၏ အကအလှများ၊ တေးသံသာများဖြင့်လည်းကောင်း၊ တိမ်ပန်းချီတေးဂီတအဖွဲ့၏ သီဆိုဖျော်ဖြေမှု၊ DJ Music များဖြင့် ဧည့်ပရိသတ်များအား ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# မြစ်သား၊ စဥ့်ကိုင်မြို့နယ်နှင့် ပလိပ်၊ ကူမဲမြို့နယ်ခွဲတို့၌ စားအုန်းဆီ ၄၀၈၄ ပိဿာ ရောင်းချပေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ မြစ်သား၊ စဥ့်ကိုင်မြို့နယ်များနှင့် ပလိပ်၊ ကူမဲမြို့နယ်ခွဲတို့၌ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၅၀ ဖြင့် စားအုန်းဆီ ၃၅၇၆ ပိဿာ ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ထိုသို့ရောင်းချရာ၌ မြစ်သားမြို့နယ်တွင် ဒေါ်ဇာဇာအေး(ဒေါ်ဇာ)ဆီအရောင်းဆိုင်မှ ရွှေသူဌေးရပ်ကွက်ပြည်သူများအတွက် ၈၆၄ ပိဿာ၊ စဥ့်ကိုင်မြို့နယ်တွင် ဦးစိုးမောင်(အောင်စိုးမိုးဦး)၊ ဦးကျော်ထွန်း(ဒေါ်လာ)ဆီအရောင်းဆိုင်များမှ မင်းတပ်၊ ကြက်မျှား၊ ပေါက်ကျေးရွာ ပြည်သူများအတွက် ပိဿာ ၁၁၀၀၊ ကန်အောက်ကျေးရွာ ပြည်သူများအတွက် ပိဿာ ၉၉၀၊ ပလိပ်မြို့နယ်ခွဲတွင် ဦးကျော်ဆွေ(ငွေပင်လယ်) ဆီအရောင်းဆိုင်မှ ဝန်ထမ်းကွက်သစ်၊ ဈေးသစ်ရပ်ကွက်နှင့် မြောင်းဘောင်ပြည်သူများအတွက် ပိဿာ ၉၉၀၊ ကူမဲမြို့နယ်ခွဲတွင် ဦးစိုင်းဝဏ္ဏ(ရှယ်လီဌေး)ဆီအရောင်းဆိုင်မှ အောင်ချမ်းသာကျေးရွာ ပြည်သူများအတွက် ပိဿာ ၁၄၀၊ စုစုပေါင်း စားအုန်းဆီ ၄၀၈၄ ပိဿာကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**



■ ရှေ့ဖုံးမှ



အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးသုံးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီးနှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသားခုနစ်ဦး၊ ငါန်းဇွန်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသားငါးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၂၈ ဦး၊ အမျိုးသမီးတစ်ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး သုံးဦး၊ တောင်သာမြို့နယ်မှအမျိုးသားနှစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသားလေးဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသားခုနစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသားနှစ်ဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသားလေးဦး၊ အောင်လံမြို့နယ်မှ အမျိုးသားတစ်ဦး၊ သရက်မြို့နယ်မှ အမျိုးသားတစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသားသုံးဦး စုစုပေါင်း အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီးကိုးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၁၅ လက်၊ RPG တစ်လက်၊ လက်လုပ်သေနတ်နှစ်လက်၊ လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ ၁၉ လုံး၊ စကားပြောစက် ငါးလုံး၊ ကျည်အိမ် ၃၅ ခု၊ ကျည် ၉၇၂ တောင့်နှင့် ကျည်ကာအင်္ကျီလေးထည်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ်တစ်လက်နှုန်းအတွက် ဆုကြေးငွေသိန်း ၅၀ နှုန်းဖြင့် ၁၅ လက်အတွက် ငွေကျပ်သိန်း ၇၅၀၊ RPG သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ငါးသိန်းနှုန်းဖြင့် သေနတ်နှစ်လက်အတွက် ငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံးနှင့်ဗုံးသီးမျိုးစုံ တစ်လုံးစီအတွက် ဆုကြေးငွေကျပ်သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ ၁၉ လုံးအတွက် ငွေကျပ် ၅၇ သိန်း၊ စကားပြောစက်တစ်လုံးနှုန်းအတွက် ဆုကြေးငွေကျပ်နှစ်သိန်းနှုန်းဖြင့် စကားပြောစက်ငါးလုံးအတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ ကျည်ကာအင်္ကျီတစ်ထည်နှုန်းအတွက်ဆုကြေးငွေကျပ် နှစ်သိန်းနှုန်းဖြင့် ကျည်ကာအင်္ကျီလေးထည်အတွက် ဆုကြေးငွေကျပ် ရှစ်သိန်းနှင့် လက်နက်မပါသူများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၃၃ ဦးအတွက် ဆုကြေးငွေကျပ် ၁၃၃ သိန်း စုစုပေါင်း ငွေကျပ် ၁၀၄၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထပ်မံထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက အပ်နှံထားသော လက်နက်၊ ခဲယမ်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ အကြမ်းဖက်အဖွဲ့အစည်းထဲ ရောက်ရှိရတဲ့အကြောင်းရင်းက ကျွန်တော်အလုပ်လုပ်မယ်ဆိုပြီးတော့ သူငယ်ချင်းတွေနဲ့ ချိတ်ထားပါတယ်။ သူငယ်ချင်းတွေက အကြမ်းဖက်အဖွဲ့အစည်းထဲသွားမယ် လုပ်ထားပါတယ်။ မသိခဲ့ပါဘူး။ ဟိုရောက်တော့ အကြမ်းဖက်အဖွဲ့အစည်း ဖြစ်နေပါတယ်။ ကျွန်တော့်အိမ်ပြန်ချင်တယ်ပြောတော့ ကျွန်တော့်ကို ပြန်မပို့ပါဘူး။ အရှင်ထွက်မရှိဘူး



အသေထွက်ပဲရှိတယ်လို့ ပြောပါတယ်။ နောက်ပြီး ကျွန်တော့်ကိုလည်း ပြေးရင် ပစ်သတ်မယ်၊ မိဘတွေကိုလည်း လိုက်ရှာပြီး သတ်မယ်လို့လည်း ပြောပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်အကြမ်းဖက်အဖွဲ့အစည်းထဲ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းနဲ့ တပ်မတော်နဲ့ တိုက်ပွဲတွေ ထိတွေ့မှုတွေရှိပါတယ်။ ဆုတ်ခွာရတဲ့နယ်မြေတွေလည်းများပါတယ်။ ကျွန်တော်တို့ကို ဆက်ကြေးတွေကောက်ခိုင်းပါတယ်။ နွားထိုးကြီးမြို့နယ် ဘေးနားက ရွာနီးစပ်ရာ ရွာတွေ အိမ်တွေဆိုရင်လည်း ကောက်ရပါတယ်။ တစ်လကို ငါးသောင်း၊ ခုနစ်သောင်း၊ တစ်သိန်း အဲဒီလို ကောက်ရပါတယ်။ နိုင်ငံခြားမှာ သွားပြီးအလုပ်လုပ်တဲ့ သူတွေကိုလည်း ကောက်ရပါတယ်။ အဲဒါတွေဆိုရင်တစ်လကို ၁၀ သိန်း၊ ၁၂ သိန်း၊ သိန်း ၃၀ ကောက်ရပါတယ်။ အဲလိုမျိုးမပေးဘူး။ သူတို့တောင်းတဲ့အချိန် မပေးဘူး၊ မကြည်ဖြူတဲ့ ပုံစံတွေလုပ်ရင် အဲဒီလူကို ဒလန်ဆိုပြီး သတ်ပါတယ်။ ပြီးရင် မီးရှို့ဖျက်ဆီးပါတယ်။ ဒလန်ဆိုပြီးသတ်တဲ့နေရာမှာလည်း သတ်တဲ့အဖွဲ့က သတ်သတ်ကို ရှိပါတယ်။ အဲဒါကြောင့် မလို့ သူတို့ရဲ့လုပ်ဆောင်ချက်တွေကို ကျွန်တော်မကြိုက်ပါဘူး။ တပ်မတော်ထံလာရင် သတ်မယ်၊ မိဘတွေကို နှိပ်စက်မယ်၊ ကောင်းကောင်းမနေရဘူး၊ ကောင်းကောင်း မစားရဘူး၊ အဲဒီလိုမျိုးတွေလည်း ပြောပါတယ်။ တကယ်တမ်း မဟုတ်ပါဘူး။ လိုလေသေးမရှိအောင် ထားပါတယ်။ နောက်တစ်ခုက ကိုယ့်ညီအစ်ကို မောင်နှမလို၊ ကိုယ့်တူကိုယ့်သားလိုလည်း စောင့်ရှောက်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်လာတော့လည်း သူတို့က နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ ဒါကတော့ ကျွန်တော် မျက်မြင်ကိုယ်တွေ့ပါ။ တောထဲက ညီအစ်ကိုမောင်နှမတွေ အားလုံးကိုလည်း ကျွန်တော်မှာချင်ပါတယ်။ နီးစပ်ရာစစ်ကြောင်း၊ နီးစပ်ရာ ဌာနဆိုင်ရာ၊ နီးစပ်ရာ အရပ်တွေကိုသွားပြီးတော့ အမြန်ဆုံးချိတ်ဆက်ပြီး အလင်းဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

၂။ သင်တန်း တက်နေစဉ်ကာလအတွင်းမှာပဲ သင်တန်းဆရာတွေရဲ့ ခွဲခြားဆက်ဆံတာတွေကိုလည်း ခံခဲ့ရပါတယ်။ အဲဒီအထဲမှာလည်း ထွက်ပြေးဖို့တော့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကိုယ့်အရှေ့မှာ ပြေးတဲ့သူတွေကလည်းရှိတယ်။ ဒါပေမယ့် သူတို့လည်း ပြန်မိတယ်။ ပြန်မိတော့



ကြိုးတွေနဲ့တုပ်ပြီး သေလောက်အောင် ရိုက်နှက်တာတွေလည်း ကိုယ်တိုင်မြင်ခဲ့တွေ့ခဲ့ရပါတယ်။ မြင်တွေ့တော့ ငါလည်းပြေးမယ်ဆိုလို့ရှိရင် သူတို့လိုပဲပြန်မိမယ်ဆိုပြီးတော့ သင်တန်းကို ကြိတ်မှိတ်ပြီးတော့ တက်ခဲ့ရပါတယ်။ တာဝန်ထမ်းဆောင်တဲ့အချိန်မှာလည်း အဲဒီအကြမ်းဖက်ခေါင်းဆောင်တွေရဲ့ ပြည်သူတွေကို နှိပ်စက်မှုတွေ၊ မတရားငွေကြေးကောက်ခံမှုတွေ ပြီးတော့ ရရှိလာတဲ့ ငွေကြေးတွေကို ပြည်သူတွေအတွက် ပြန်လည်အသုံးပြုတာမရှိဘဲနဲ့ သူတို့ရဲ့ကိုယ်ကျိုးအတွက် အသုံးပြုတာတွေကိုလည်းမြင်တွေ့ခဲ့ရပါတယ်။ တာဝန်ထမ်းဆောင်နေတဲ့ အချိန်မှာလည်း ကျွန်မအဲဒီအကြမ်းဖက်အဖွဲ့အစည်းက ထွက်ပြေးဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့်လည်း မအောင်မြင်ခဲ့ပါဘူး။ အဲဒီကနေတစ်ဆင့် တကောင်းဘက်ကိုပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ တကောင်းဘက်မှာလည်း အဲဒီလိုပဲ အကြမ်းဖက်ခေါင်းဆောင်တွေရဲ့ ပြည်သူတွေအပေါ် နှိပ်စက်မှုတွေ၊ ငွေကြေးကောက်ခံမှုတွေကိုလည်း အရင်နည်းအတိုင်းပဲ မြင်တွေ့ခဲ့ရပါတယ်။ အဲဒီမှာပဲ ကျွန်မအနေနဲ့အရဲစွန့်ပြီး မန္တလေးဘက်ကိုထွက်ပြေးလာခဲ့ပါတယ်။ လမ်းမှာလည်း ကိုးရက်လောက် အချိန်ကြာမြင့်ခဲ့ပါတယ်။ ခက်ခက်ခဲခဲကျော်ဖြတ်လာပြီးတော့ တပ်မတော်ထံမှာ အလင်းဝင်ခဲ့ပါတယ်။ တပ်မတော်မှာ အလင်းဝင်တဲ့အခါမှာလည်း ကျွန်မတို့ကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ တကယ့်မိသားစုအရင်းအချာတွေလိုလည်း ဆက်ဆံပါတယ်။ သူတို့ဟိုမှာ အကြမ်းဖက်အဖွဲ့အစည်းထဲမှာ နေတုန်းကလိုမျိုး သူတို့မှိုင်းသွင်းထားတာတွေ ရှိပါတယ်။ မင်းတို့ တပ်မတော်မှာ အလင်းဝင်မယ်ဆိုလို့ရှိရင် မင်းတို့ကိုသတ်မယ်။ မိန်းကလေးတွေဆိုလို့ရှိရင်လည်း အတင်းအဓမ္မ မုဒိမ်းကျင့်တာတွေရှိမယ်။ မိသားစုတွေကိုလည်း သတ်ဖြတ်တာတွေရှိတယ်ဆိုပြီးတော့ သူတို့မှိုင်းသွင်းထားတာတွေ ရှိပါတယ်။ ဒါပေမယ့် တပ်မတော်ထံမှာ အလင်းဝင်တဲ့အခါမှာ အဲဒီလိုမျိုးတွေမရှိပါဘူး။ ကျွန်မတို့ကို နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ကျွန်မရဲ့ သူငယ်ချင်းတွေကိုလည်း အမြန်ဆုံးအမြင်မှန်ရပြီးတော့ တပ်မတော်နဲ့ ပူးပေါင်းဖို့၊ တပ်မတော်ထံ အလင်းဝင်ဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

၃။ ကျွန်မသားလေးက လွန်ခဲ့တဲ့ နှစ်လ၊ သုံးလလောက်က ပျောက်သွားပါတယ်။ ပျောက်တဲ့



တစ်ရက်ကတော့ လိုက်မရှာခဲ့ပါဘူး။ ဒီလိုပဲအပေါင်းအသင်းတွေနဲ့ သွားတယ်လို့ပဲ မှတ်ခဲ့ပါတယ်။ နောက်နေ့တစ်ရက် သွားရှာကြတော့ အနောက်ဘက်ကလူတွေက ပြောပါတယ်။ ဒီကလေးတွေ အနောက်ဘက် ကူးသွားတယ်ပြောတော့ ကျွန်မတို့လိုက်မသွားရဲတဲ့အတွက် အုပ်ချုပ်ရေးမှူးကို အကြောင်းကြားပါတယ်။ အုပ်ချုပ်ရေးမှူးကနေ အဲဒါဆိုရင် သက်ဆိုင်ရာကိုသွားပြီး သတင်းပေးမယ်ဆိုပြီး ကျွန်မတို့ကိုခေါ်သွားပါတယ်။ ခေါ်သွားတဲ့အတွက် ဆရာတွေကလည်း အဲဒါဆို အစ်မကြီးရဲ့ သားလေးက အသက်က ၁၂၊ ၁၃ နှစ်ပဲရှိသေးတာကြောင့် အသက်မပြည့်သေးတဲ့အတွက် အဆက်အသွယ်လုပ်လာရင် ကျွန်တော်တို့ကို အကြောင်းကြားပါဆိုပြီး ကျွန်မတို့ကို အိမ်ကိုပြန်ပြီး အေးအေးဆေးဆေး နေထိုင်ခွင့်ပေးပါတယ်။ လွန်ခဲ့တဲ့ ငါးရက်လောက်က ကျွန်မသားလေး ကျွန်မဆီကို ပြန်လာခဲ့ပါတယ်။ သူပြန်လာတော့ ကိုယ့်သားသမီး ကိုယ့်ရင်ခွင်ထဲကို ပြန်လာတဲ့အတွက် စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

ကျွန်မ ဝမ်းလည်းသာပါတယ်။ ဒါပေမယ့် ကျွန်မတစ်ချက် စဉ်းစားတာက ကျွန်မသားလေးက အမှောင်နယ်မြေက ပြန်လာတဲ့အတွက် သူတို့ပြောသလိုပဲ ရိုက်မယ်၊ နှက်မယ်ထင်ခဲ့ပါတယ်။ တစ်ညလုံး အိပ်မပျော်ခဲ့ပါဘူး။ စဉ်းစားပြီး မနက်လင်းတော့ ကျွန်မအုပ်ချုပ်ရေးမှူးနဲ့ ရာအိမ်မှူးတို့ကို တိုင်ပင်ပါတယ်။ တိုင်ပင်တော့ ဒါဆိုရင် ဒီကလေးတွေကို တို့သက်ဆိုင်ရာကို ပို့မယ်။ စိတ်ချ ကလေးတွေ ဘာမှမဖြစ်စေရပါဘူးလို့ အုပ်ချုပ်ရေးမှူးကို ကတိပေးပါတယ်။ အဲဒါနဲ့ ကျွန်မတို့ အပ်လိုက်ပါတယ်။ အပ်လိုက်ပြီး ၄၊ ၅ ရက်လောက်ကြာတော့ သူများတွေပြောသလိုပဲ ကျွန်မသားတွေ ခေါ်သွားပြီးတော့ ဒီအချုပ်ထဲမှာပဲထားပြီး ရိုက်မယ် နှက်မယ်မှတ်ပြီး ကျွန်မတို့ စိုးရိမ်ပြီးတော့ အုပ်ချုပ်ရေးမှူးကို ဦးလေး ကျွန်မတို့ ကလေးတွေနဲ့ တွေ့ချင်ပါတယ်လို့ပြောပါတယ်။ ပြောတော့ လိုက်ပို့ပါတယ်။ ဒါပေမယ့် ကျွန်မတို့ ကလေးတွေဆီ ရောက်သွားတော့ သူတို့ပြောသလို မဟုတ်ဘဲနဲ့ ကလေးတွေကို ဆရာတွေက ကိုယ့်အိမ်လို သဘောထားပြီး နွေးနွေးထွေးထွေးနဲ့ကြိုဆိုပါတယ်။ ဆရာစားသလို ကျွေးပါတယ်။ ကလေးတွေကို မေးပါတယ်။ မေးတော့ သားက "သားကိုဆရာက ရိုက်လားမေးတော့ ကလေးတွေက မရိုက်ပါဘူးလို့" ဖြေပါတယ်။ အဲဒီအတွက် ကျွန်မဝမ်းသာပါတယ်။ သူတို့လေးတွေ လွတ်လွတ်လပ်လပ်နေတာမြင်တော့လည်း ကျွန်မပီတိဖြစ်ပါတယ်။ ဒီအခမ်းအနားပွဲပြီးရင် ကျွန်မသားလေးနဲ့တွေ့ရတော့မယ့်အတွက် ကျွန်မအတိုင်းမသိဝမ်းသာပါတယ်။ ကျွန်မအရင်တုန်းကဆိုရင် ကျွန်မသားလေးသေသလား ရှင်သလားတောင် ကျွန်မ မသိပါဘူး။ အခုကျွန်မသားလေးကို နွေးနွေးထွေးထွေးကြိုဆိုတယ်။ ကျွန်မတို့သားအမိတစ်တွေလည်း ပျော်ပျော်ရွှင်ရွှင် နေထိုင်ခွင့်ပေးတဲ့ ကျွန်မတို့ရွာက အုပ်ချုပ်ရေးမှူးကိုရော ဒီက အရာရှိ/ အရာခံ/ ဗိုလ်ကြီးတွေကိုလည်း ကျွန်မအထူးကျေးဇူးတင်ရှိပါတယ်။

သတင်းစဉ်

**ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်း စေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များ ဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

စာမျက်နှာ ၂၄ မှ

"ယခုလာမယ့် ရုံးပိတ်ရက်ရှည်မှာ ကလေးတွေ စာမေးပွဲပြီးပြီ ဖြစ်တဲ့အတွက် ပုပ္ပားကို ခရီးသွားမပြတ် ဝင်ရောက်လာနိုင်ပါတယ်။ ပြီးခဲ့တဲ့ ပိတ်ရက်တွေမှာလည်း ပုပ္ပားတောင်မကြီးတက်တဲ့ ခရီးသွားတွေနဲ့ စန္ဒကူးခင်းရွှေသမင်ခြံကို လာကြည့်သူတွေ မပြတ်ခဲ့ပါဘူး။ ခရီးသွားအများစုက ပုပ္ပားတောင်မကြီးကို သွားတယ်၊ Resort မှာ ထမင်းစားပြီး စန္ဒကူးတောက ရွှေသမင်နဲ့ ဆတ်တွေကို အနီးကပ် အစာကျွေးကြတယ်၊ ဓာတ်ပုံရိုက်၊ သဘာဝအလှကြည့်ရှုကြတာများပါတယ်။ ပုပ္ပားတောင်အမျိုးသား ဘူမိဥယျာဉ်ထဲမှာ ဘူမိနယ်မြေ(၁)ဖြစ်တဲ့ ပုပ္ပားတောင်ကလပ်၊ ဘူမိနယ်မြေ(၆)ဖြစ်တဲ့ ပညာပေးပြခန်း၊ ပညာပေးစိုက်ခင်းနဲ့ ဘူမိနယ်မြေ(၇)ဖြစ်တဲ့ စန္ဒကူးတောသမင်ခြံကို အများဆုံး လေ့လာကြတာ များပါတယ်။ ပိတ်ရက်ကာလမှာ လာရောက်လည်ပတ်ဖို့လည်း ဖိတ်ခေါ်ပါတယ်"ဟု ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မျိုးထွေးက ပြောသည်။



ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် စန္ဒကူးတောအတွင်းရှိ မြန်မာ့ရွှေသမင်ကို တွေ့ရစဉ်။

ရွှေသမင်သည် ခွာစုံနို့တိုက်သတ္တဝါဖြစ်ပြီး မျိုးစိတ်ခွဲ သုံးမျိုးရှိကြောင်း မှတ်တမ်းတင်ထားကာ ၁၈၃၈ ခုနှစ်တွင် ဗြိတိသျှတပ်မတော်အရာရှိ Percy Eld မှ အိန္ဒိယနိုင်ငံ မဏိပူရချိုင့်ဝှမ်းဒေသတွင် စတင်တွေ့ရှိ မှတ်တမ်းတင်ခဲ့ရာမှ တွေ့ရှိသူအမည်အားအစွဲပြု၍ Eld's Deer ဟု ခေါ်ဆိုခဲ့သည်။ ရွှေသမင်ကောင်ရေ နည်းပါးလာပြီး မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရ၍ ရွှေသမင်များကို နိုင်ငံတော်အဆင့်ဖြင့် ထိန်းသိမ်းကာကွယ်လျက်ရှိသည်။ မြန်မာနှင့် အိန္ဒိယနိုင်ငံတို့တွင် ရွှေသမင်များ ရှင်သန် ကျက်စားလျက်ရှိပြီး တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့တွင် သမင်မျိုးစိတ်ကွဲဖြစ်သည့် Cervus eldi siamensis မှာလည်း ကောင်ရေကျဆင်းလာမှု တို့ကြောင့် ခြိမ်းခြောက်ခံရသည့်အန္တရာယ်ရှိ မျိုးစိတ်များအဖြစ် သတ်မှတ်ထားသည်ဟု ... 

ဘူမိဥယျာဉ်တို့တွင် ကာကွယ်စောင့်ရှောက်ထားသည်။

ရွှေသမင် မျိုးစိတ်အလိုက် နေထိုင်ကျက်စားပုံ ကွဲပြားလေ့ရှိပြီး မြန်မာနိုင်ငံတွင် ရွှေသမင်များ အင်တိုင်းတော၊ တောခြောက်နှင့် ရွက်ကြွေတောတို့တွင် ရှင်သန်ကျက်စားလေ့ရှိ၍ အိန္ဒိယနိုင်ငံ၌ စိမ့်တော၊ နွံတောတို့တွင် ကျက်စားကာ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၌ ရွက်ကြွေတောများတွင် ရှင်သန်ကျက်စားသည်။ တစ်ချိန်တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ရွှေသမင်များကို ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်အတွင်းရှိစန္ဒကူးသစ်တောအတွင်း ကာကွယ်စောင့်ရှောက်ထားပြီး ခရီးသွားများနှင့် ယဉ်ပါးနေပြီဖြစ်သော ရွှေသမင်များအား ဖေဖော်ဝါရီလ ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပုပ္ပားဒေသ၏ စိမ်းလန်းစိုပြည်မှု သဘာဝအလှနှင့်အတူ ကြည့်ရှုလေ့လာနိုင်ရန် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်အား နေ့စဉ်ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်း - ကိုလွင်
ဓာတ်ပုံ - ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်



## ပူတာအိုမြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

ပူတာအို ဖေဖော်ဝါရီ ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် ပူတာအိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သီးနှံအခြေခံတန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပူတာအိုမြို့နယ် ဒါဂွိရိုဇားကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေညွှန့်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခမ်းကိုင်က သင်တန်းဆင်းလက်မှတ်များနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေညွှန့်က ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းတွင် ဂရိတ်ဖရု(ယို/ဖျော်ရည်/ဝိုင်)၊ ခရမ်းချဉ်သီးယို၊ နာနတ်သီးဖျော်ရည်၊ ကျောက်ဖရုံယို၊ အမေရိကန်သံပရာယို၊ သဘော်သီးယို(အချို/အစပ်)၊ ဘုရင်သီးဖျော်ရည်၊ အာလူးကြော်ပြုလုပ်နည်းများကို ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# ၂၀၂၅ ခုနှစ်အတွင်း ယူအေအီးနိုင်ငံ၏ လေကြောင်းကဏ္ဍ တိုးတက်အားကောင်းလာ

**အဘူဒါဘီ ဖေဖော်ဝါရီ ၁၃**

၂၀၂၅ ခုနှစ်အတွင်း အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံ၏ လေကြောင်းကဏ္ဍတွင် ခိုင်မာသည့် တိုးတက်မှုများ စံချိန်တင်ခဲ့သည်ဟု ဖေဖော်ဝါရီ ၁၃ ရက်တွင် အင်းမရိတ်သတင်းအေဂျင်စီက ဖော်ပြသည့်အချက်အလက်များအရ သိရသည်။

လေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းအတွက် ဒေသတွင်းဦးဆောင်ဗဟိုဌာနအဖြစ် အားဖြည့်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်အရေအတွက်သည် ၂၀၂၄ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ၉၅ ဒသမ ၂ သန်း လာရောက်ခဲ့ရာ လေဆိပ်သမိုင်းတွင် အလုပ်အများဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့သည်။

အဆိုပါလေဆိပ်သည် ခရီးသွားလမ်းကြောင်းပေါင်း ၂၉၁ ခုနှင့်ချိတ်ဆက်ထားပြီး အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၁၀၈ ခုက ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု အင်းမရိတ်သတင်းအေဂျင်စီက ဖော်ပြထားသည်။ မြို့တော်ရှိ ဇာယိဒ်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၂၅ ခုနှစ်အတွင်း ခရီးသွား ၈ ဒသမ ၅၉ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းရှိ လေဆိပ်များတွင် လုံခြုံစိတ်ချရမှု၊ လေဆိပ်လည်ပတ်ရာတွင် ထူးချွန်မှုနှင့် ရေရှည်တည်တံ့မှုတို့အတွက် အပြည်ပြည်ဆိုင်ရာ၏ အသိအမှတ်ပြုမှုများကို ရရှိခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ လေကြောင်းနှင့် ခရီးသွားလာရေးတို့တွင် ယူအေအီး၏ လွှမ်းမိုးနိုင်မှု ကြီးမားလာခြင်းကို မီးမောင်းထိုးပြလျက်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။



ဆင်ဟွာ၊ဓာတ်ပုံ-Emirates



## မျိုးဆက်သစ် မုန့်ကျိုးအာကာသယာဉ်၏ အနိမ့်ပိုင်းပျံသန်းရန် အရေးပေါ်စနစ်စမ်းသပ်ချက် တရုတ်နိုင်ငံက အောင်မြင်စွာပြုလုပ်

**ပေကျင်း ဖေဖော်ဝါရီ ၁၃**

တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် အာကာသယာဉ်မှူးများကို လကမ္ဘာသို့ ပို့ဆောင်ပေးနိုင်မည့် မျိုးဆက်သစ် မုန့်ကျိုးအာကာသယာဉ်၏ အနိမ့်ပိုင်းပျံသန်းမှု အရေးပေါ်စနစ်စမ်းသပ်ချက်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဟိုင်နန်ကျွန်းရှိ ဝမ်ချန်းအာကာသလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့သည့် အဆိုပါစမ်းသပ်မှုတွင် မုန့်ကျိုးအာကာသယာဉ်သည် သတ်မှတ်ပုံစံအတိုင်း စွမ်းဆောင်နိုင်ခဲ့သည်။ အာကာသယာဉ်သည် လွှတ်တင်စဉ် အရေးပေါ်အခြေအနေတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အသုံးပြုရမည့် စွမ်းဆောင်ရည်များကို ပြသနိုင်ခဲ့ပြီး လောင်းမာ့ချ် ၁၀ ဒုံးပျံပေါ်မှ အောင်မြင်စွာ ခွဲထွက်ကာ လေထီးများဖြင့် ပင်လယ်ပြင်အတွင်းသို့ ဆင်းသက်နိုင်ခဲ့သည်။

လောင်းမာ့ချ် ၁၀ ဒုံးပျံသည် တရုတ်နိုင်ငံ၏ လကမ္ဘာခရီးစဉ် စီမံကိန်းအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ယင်းသည် အာကာသယာဉ်မှူးများကို လကမ္ဘာသို့ ပို့ဆောင်ပေးမည့် အလေးမဒုံးပျံအမျိုးအစားသစ် ဖြစ်သည်။

အဆိုပါ ဒုံးပျံသည်လည်း ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်ခဲ့သော ၎င်း၏ အရေးကြီးသည့် စမ်းသပ်မှုတစ်ခုကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀-၀

## တရုတ်နိုင်ငံ၏ စက်ရုပ်လုပ်ငန်းကဏ္ဍတိုးတက်မှု တရုတ်နှစ်သစ်ကူးကာလ၏ အာရုံစိုက်စရာ ဖြစ်လာ

**ပေကျင်း ဖေဖော်ဝါရီ ၁၃**

တရုတ်နိုင်ငံ၏ စက်ရုပ်လုပ်ငန်းကဏ္ဍတိုးတက်မှုသည် ယခုနှစ် တရုတ်နှစ်သစ်ကူး အားလပ်ရက်အတွင်း အဓိကအာရုံစိုက်စရာဖြစ်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပွဲတော်ကာလ စတင်ခြင်း အထိမ်းအမှတ်အဖြစ် အေဂျီဘော့ ကုမ္ပဏီသည် ပုံစံအမျိုးမျိုးရှိသော လူသားတူ စက်ရုပ်ပေါင်း ၂၀၀ ကျော်ကို မိတ်ဆက်ကာ တိုက်ရိုက်ထုတ်လွှင့်သည့် ဖျော်ဖြေပွဲကြီးတစ်ခုတွင် ပြသခဲ့သည်။

ယမန်နေ့ညက ကျင်းပခဲ့သည့် အဆိုပါပွဲတွင် ဟန်ချက်ညီအကများ၊ ဟာသပြကွက်များ၊ မျက်လှည့်ဖျော်ဖြေမှုများနှင့် ရိုးရာကိုယ်ခံပညာ သရုပ်ပြမှုများအထိ အမျိုးမျိုးသော တင်ဆက်မှုများကို ပြသခဲ့ရာ တရုတ်လူသားတူ စက်ရုပ်ထုတ်လုပ်ရေး ကုမ္ပဏီများသည် စက်မှုလုပ်ငန်းသုံး သီးသန့်နယ်ပယ်မှသည် စားသုံးသူအပန်းဖြေရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများဆီသို့ ကူးပြောင်းလာခြင်းကို ပြသရာလည်းရောက်ခဲ့သည်။

လူကြိုက်များလှသော နွေဦးပွဲတော် ဂါလာဖျော်ဖြေပွဲကြီးတွင် ပါဝင်မည်မဟုတ်ကြောင်း ရှန်ဟိုင်းအခြေစိုက် အေဂျီဘော့ကုမ္ပဏီက အစောပိုင်းတွင် အတည်ပြုခဲ့သော်လည်း နောက်ပိုင်းတွင် သေချာစွာ စီစဉ်ပြီး ယင်းဖျော်ဖြေပွဲကို တင်ဆက်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ယူအက်စ်အက်စ် ဂျာရက်လ်အာရ်ဖော့ဒ် လေယာဉ်တင်သင်္ဘောကို အရှေ့အလယ်ပိုင်းဒေသသို့ ရွက်လွှင့်ရန် သမ္မတထရမ့် အမိန့်ပေးထား



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်သည် အီရန်နိုင်ငံအပေါ် အရေးယူဆောင်ရွက် နိုင်ခြေရှိ မရှိကို စဉ်းစားသုံးသပ်နေစဉ်အတွင်း ကမ္ဘာ့အကြီးဆုံး ယူအက်စ်အက်စ် ဂျာရက်လ် အာရ်ဖော့ဒ် လေယာဉ်တင်သင်္ဘောကို ကာရစ်ဘီယံပင်လယ်မှ အရှေ့အလယ်ပိုင်းဒေသသို့ ရွက်လွှင့်ရန် အမိန့်ပေးထားသည်ဟု အဆိုပါ အစီအစဉ်နှင့် နီးစပ်သူတစ်ဦးက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားကြောင်း သိရသည်။

အီရန်နိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ သဘောတူညီချက်တစ်ရပ် ရရှိစေရန် သမ္မတ ထရန့်က ဖိအားများ တိုးမြှင့်လျက်ရှိရာ ထိုလေယာဉ်တင်သင်္ဘော၏ လှုပ်ရှားမှုကြောင့် အဆိုပါဒေသတွင် အမေရိကန် လေယာဉ်တင်သင်္ဘောနှစ်စင်းနှင့် ၎င်းတို့ကို ခြံရံထားသည့် စစ်သင်္ဘောများ ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ယူအက်စ်အက်စ် အေဘရာဟမ်လင်ကွန်း လေယာဉ်တင်သင်္ဘောနှင့် လမ်းညွှန်ဒုံးကျည်တင် ဖျက်သင်္ဘောသုံးစင်းတို့သည် လွန်ခဲ့သော နှစ်ပတ်ကျော်ကတည်းက အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိနေခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀-၀

## ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ပါတီ တတိယနေရာရရှိ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး အနိုင်ရပါတီနှင့် ဆွေးနွေးမည်

**ဘန်ကောက် ဖေဖော်ဝါရီ ၁၃**

ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် တတိယနေရာ၌ ရပ်တည်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ ပါတီသည် ရွေးကောက်ပွဲအနိုင်ရပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ဖေဖော်ဝါရီ ၁၃ ရက်တွင် အတည်ပြုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ယမန်နှစ်က ကမ္ဘောဒီးယားနိုင်ငံနှင့် ဖြစ်ပွားခဲ့သော သေဆုံးမှုများရှိသည့် နယ်စပ်ပဋိပက္ခ နှစ်ကြိမ်အပြီး ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ယာယီဝန်ကြီးချုပ် အနူတင်ချာန်ဗီရကူးလ်၏ တပ်မတော်နှင့် ဘုရင်စနစ်ကို ထောက်ခံသည့် ဘူမ်ဂျိုင်ထိုင်းပါတီသည် ၎င်းတို့၏ သမိုင်းတစ်လျှောက် အကောင်းဆုံးရလဒ်ကို ရရှိခဲ့သည်။

၂၁ ရာစုအတွင်း ထိုင်းနိုင်ငံ၏ အောင်မြင်မှုအရဆုံးပါတီဖြစ်သည့် ဖြူးထိုင်းပါတီသည် ပြီးခဲ့သည့် တနင်္ဂနွေက ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် သမိုင်းတစ်လျှောက် အဆိုးရွားဆုံး ရလဒ်နှင့် ရင်ဆိုင်ခဲ့ရပြီး ယင်းအခြေအနေသည် သက်ဆင်တည်ထောင်ခဲ့သည့် နိုင်ငံရေးအင်အားစု၏ အနာဂတ်အပေါ် မေးခွန်းထုတ်စရာ ဖြစ်လာစေသည်။

မည်သည့်ပါတီနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန်အတွက် မိမိတို့တွင် ကန့်သတ်ချက် သတ်မှတ်ချက်များ မရှိကြောင်း ဖြူးထိုင်းပါတီ အထွေထွေအတွင်းရေးမှူး ပရာဆတ်ချန်ရွှန်ထောင်က ပါတီဌာနချုပ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

# STOP AIDS

## မြို့မဈေးတွင် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်သည့်စနစ် လက်တွေ့သရုပ်ပြသ



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့မဈေး၌ စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်သည့်စနစ် လက်တွေ့သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလက်တွေ့သရုပ်ပြပွဲတွင် ဈေးသူ၊ ဈေးသားများအား အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်သည့်စနစ်ကို အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း၊ ပလတ်စတစ်ညစ်ညမ်းမှုကို ပူးပေါင်းကာကွယ်ဖြေရှင်းကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပလတ်စတစ်လျှော့ချသုံးစွဲရန် စက္ကူအိတ် ၃၅ လုံး ဖြန့်ဝေခြင်းနှင့် ဈေးဝယ်သူများအား ပလတ်စတစ်အစားထိုး Recy-cle Bag ၃၅ လုံး ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



## မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ပညာပေးခြင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့ရှိ စည်ပင်သာယာဈေးကြီး၌ ပွင့်လင်းရာသီတွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ် ပညာပေးခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးဆန်းဝင်းက ဦးဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က စည်ပင်သာယာ ဈေးကြီးအတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဈေးလုံခြုံရေးအတွက် မီးလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေးစစ်ဆေးခြင်း၊ ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများ အရန်သင့်ချိတ်ဆွဲထားရှိရေးနှင့် ဟောင်းနွမ်းသော မီးသတ်ဆေးဘူးများ အသစ်လဲလှယ်ထားရှိရေး၊ မြို့မဈေးကြီးအတွင်း ရေလှောင်ကန်၊ ရေစုကန်များ အပြင် အပေါ့စားမီးငြိမ်းသတ်စက်များ ကြံ့ခိုင်ကောင်းမွန်စေရန် အရန်သင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေး စသည့် လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းထားရှိရေးကို အကြံပြုဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဈေးတာဝန်ရှိသူများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား မီးဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့သည့်အခါ အရေးပေါ် ရှေးဦးမီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်စေရန်အတွက် မီးငြိမ်းသတ်ယာဉ်အသုံးပြုပြီး မီးငြိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်း၊ မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်တို့ကို အသုံးပြု၍ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ပညာပေးခြင်း အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## သစ်များ တရားမဝင်သယ်ဆောင်လာသူ အမျိုးသား လေးဦးအား ဖမ်းဆီးအရေးယူ

**မိုင်းပျဉ်း ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၌ သစ်များ တရားမဝင်သယ်ဆောင်လာသူ အမျိုးသား လေးဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်-နတ်ရေကန်စီမံကိန်းလမ်း၊ အရှေ့တံခွန်တိုင်ကျေးရွာထိပ်၌ သနပ်ပင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အရှေ့တံခွန်တိုင်ကျေးရွာမှ



သနပ်ပင်မြို့ဘက်သို့ ခရမ်းမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်နေ မင်းဇော်ဦး (၃၃)နှစ်ဆိုသူ မောင်းနှင်ပြီး အမှတ်(၁၁)ရပ်ကွက်နေ နိုင်ကို (၃၀)နှစ်၊ အမှတ်(၉)ရပ်ကွက်နေ သိန်းဇော် (၂၅)နှစ်နှင့် ကဝမြို့နယ်၊ ဖွဲတွန်ကျေးရွာနေ ဝေလင်းအောင် (၃၆)နှစ်ဆိုသူတို့ လိုက်ပါလာသော NISSAN CON-DOR မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ အခြားသစ်ခွဲသားမျိုးစုံ ၁၀၁၁ ချောင်း၊ ၇ ဒသမ ၈၂၉၂ တန်အား တရားမဝင်သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် မင်းဇော်ဦး(ပါ လေးဦး)ဆိုသူအား သနပ်ပင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကုန်တင်မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ နေအိမ်အား ဝင်ရောက်တိုက်မိကာ ရေမြောင်းအတွင်း ထိုးကျတိမ်းမှောက်ခဲ့မှုကြောင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မိုင်းပျဉ်း ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၌ ကုန်တင်မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ နေအိမ်အား ဝင်ရောက်တိုက်မိကာ ရေမြောင်းအတွင်း ထိုးကျတိမ်းမှောက်ခဲ့မှုကြောင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၆ ရက် ည ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊ အောက်ဈေးတန်းရပ်ကွက်၊ တောင်ကြီး-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် 528 KM အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မိုင်းပျဉ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ သရက်ပင်ကျေးရွာနေ အောင်ဟိန်း(၂၈)နှစ်ဆိုသူ မောင်းနှင်ပြီး အမရပူရမြို့နယ်၊ ဖျောက်ဆိပ်ကုန်းရပ်ကွက်နေ ဦးအောင်ရွှေ (၅၁)နှစ်ဆိုသူ လိုက်ပါလာသည့် NISSAN ခြောက်ဘီး ကုန်တင် မော်တော်ယာဉ်သည် တောင်ကြီးမြို့မှ တာချီလိတ်မြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းရှိ ဦးစိုင်းစံပ (၄၅)နှစ် ဆိုသူ ပိုင်ဆိုင်သည့် အလျား ပေ ၂၀၊ အနံ ပေ ၃၀ သွပ်မိုး၊ ပျဉ်၊ ထရံကာ နေအိမ်အား ဝင်ရောက်တိုက်မိကာ နေအိမ်အနောက်ဘက်ရှိ ရေမြောင်းအတွင်းထိုးကျ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်းအောင်ဟိန်းဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဦးစိုင်းစံပ၏ နေအိမ်နှင့် မော်တော်ယာဉ်တို့ ပျက်စီးဆုံးရှုံးခဲ့သောကြောင့် အောင်ဟိန်းဆိုသူအား မိုင်းပျဉ်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မူးယစ်ဆေးဝါးများနှင့် တရားမဝင်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၆ရက် ည ၁၀ နာရီခွဲက ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ရဲမြင့်မာန်(ခ)ရဲမြင့်ဆိုသူ မောင်းနှင်ပြီး မြင့်မြတ်အောင်(ခ)ဟာဆန်လေးဆိုသူ လိုက်ပါလာသည့် NI-SSAN CONDOR အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သယ်ဆောင်လာသော စက္ကူချပ်ဖာများအတွင်းမှ Tramadol ဆေးတောင့် ၉၉,၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဖေဖော်ဝါရီ ၇ ရက် ည ၁၁ နာရီက အဆိုပါ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် သက်ဟိန်း(ခ) ချိုအိုက်ဆိုသူအား ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ ခ)ရပ်ကွက်တွင် PRO-BOX အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အားလည်းကောင်း၊ ၁ နာရီခွဲက မြင့်နိုင်(ခ)မိုဟာ မက်ဇူဘေးဆိုသူအား မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်တွင် JETOUR DA-SHING မော်တော်ယာဉ် တစ်စီးနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အားလည်းကောင်း၊ ၁၁ နာရီက တင်သန်းဦး (ခ) ဝကီး(ခ)ဘိုင်ဝေါကီဆိုသူအား ၄င်းနေထိုင်သည့် သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အုတ်ဖိုတန်းလမ်းရှိ နေအိမ်တွင် တရားမဝင်ဓာတုပစ္စည်း Tinner ၁,၀၈၀ လီတာနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အားလည်းကောင်း၊ ၁၁ နာရီ မိနစ် ၂၀က မနီနီအေးဆိုသူအား ၄င်းနေထိုင်သည့် သထုံမြို့၊ အောက်ကျင်းရပ်ကွက်ရှိ နေအိမ်တွင် လက်ကိုင်ဖုန်း တစ်လုံးနှင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ရဲမြင့်မာန်(ခ)ရဲမြင့် (၃၈)နှစ်ဆိုသူ၊ မြင့်မြတ်အောင် (ခ)ဟာဆန်လေး (၁၈)နှစ်ဆိုသူ၊ သက်ဟိန်း(ခ)ချိုအိုက် (၂၈)နှစ်ဆိုသူ၊ မြင့်နိုင်(ခ)မိုဟာ မက်ဇူဘေး (၄၂)နှစ်ဆိုသူ၊ တင်သန်းဦး (ခ)ဝကီး(ခ)ဘိုင်ဝေါကီ (၃၀)နှစ်ဆိုသူနှင့် မနီနီအေး (၃၉) နှစ်ဆိုသူတို့အား သက်ဆိုင်ရာရဲစခန်းများတွင် ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



ဝတ္ထုတိုကဏ္ဍ

# ရင်းနှီးကျွမ်းဝင်မှု၏ နောက်ကွယ်၌

တစ်နေ့ဘယ်လိုမှ မေ့မရတဲ့နေ့။ အဲ့ဒီနေ့က ဘာနေ့လဲဆိုတော့ ကျွန်တော့်သူငယ်ချင်း မင်္ဂလာဆောင်တဲ့နေ့။ ဖိတ်စာကို ကိုယ်တိုင်လာပေးရင်း နံနက် ၈ နာရီမှ ၁၁ နာရီအထိတဲ့။ သူငယ်ချင်းက မလာမနေရ၊ မင်းမလာရင် ငါစိတ်ဆိုးမှာတဲ့၊ အေးပါ လာခဲ့ပါမယ်လို့ ပြောလိုက်ပါတယ်။ နောက်နေ့ ကားကို ကိုယ်တိုင်မောင်းပြီး မင်္ဂလာဆောင်ရှိရာ နာမည်ကြီးဟိုတယ်ကို ရောက်တော့ ၉ နာရီထိုးပြီ။ သူငယ်ချင်းက ကိုယ်တိုင်ထွက်ကြိုပြီး နေရာချပေး၊ ကော်ဖီနဲ့ ကိတ်မျိုးစုံကို ဧည့်ခံကျွေးမွေးပါတယ်။ တီးဝိုင်းမှ အဆိုတော်များ၏ သီချင်းကို နားထောင်ရင်း သတို့သားနှင့် သတို့သမီးက လာရောက်နှုတ်ဆက်ရင်း သတို့သမီးကို ကျွန်တော်နဲ့ မိတ်ဆက်ပေးပါတယ်။

နောက်တစ်ခါ သူငယ်ချင်းမှ အမျိုးသမီးတစ်ဦးနဲ့မိတ်ဆက်ပေးပါတယ်။ အမျိုးသမီးကို မြင်လိုက်တဲ့အခါ ရုပ်ရှင်မင်းသမီးအလား ချောလိုက်လှလိုက်တာ၊ အတန်ကြာအောင် ကျွန်တော် သူ့မျက်နှာကို ငေးကြည့်နေမိတယ်။ သူကလည်း ပြုံးလို့ပေါ့။ နောက်မှကိုယ်လည်း သတိထားမိပြီး ကျွန်တော့်နာမည် ‘သုတအောင်’လို့ ပြောတော့ ထိုအမျိုးသမီးမှ ကျွန်မနာမည်က ‘ညိုမိမိလှိုင်’ ပါရှင်တဲ့၊ အခုလို ခင်မင်ခွင့်ရတာ ဝမ်းသာပါတယ်ဆိုပြီး ကျွန်တော့်ဝိုင်းမှာ ဝင်ထိုင်ပါတယ်။ ဝတ်ထားလိုက်တဲ့ ရတနာတွေဟာ မျက်စိကျိန်းလောက်အောင်ကို အရောင်တွေ တဖျတ်ဖျတ်နဲ့ပေါ့။ ဝတ်ထားတဲ့ ရတနာတွေရဲ့ တန်ဖိုးကတော့ ခန့်မှန်းသိန်းထောင်ကြီးပိုင်းလောက်ရှိမယ်ထင်တယ်။ အတုလား၊ အစစ်လားဆိုတာတော့ ကျွန်တော်မသိဘူးပေါ့။

ကျွန်တော့်အကြောင်း ပြောရဦးမယ်။ ကျွန်တော်က ဘွဲ့ရပြီး အပြင်အလုပ်တွေ မလုပ်ဘဲ မိဘတွေပိုင်တဲ့ ‘ချစ်မိတ်ဆွေ’ ဆိုတဲ့ ဆီစက်ကိုပဲ ဦးစီးပြီး အလုပ်သမားတွေနဲ့အတူ နေတယ်ပေါ့။ ညိုမိမိလှိုင်ကလည်း အရာရှိကြီးတစ်ဦးရဲ့ သမီးပါတဲ့။ အလုပ်အကိုင်ကတော့ ကုမ္ပဏီထောင်ထားပြီး သွင်းကုန်ထုတ်ကုန်တွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လုပ်နေတာဆိုပြီး တစ်ဦးနဲ့တစ်ဦး ရောက်တတ်ရာရာလေးတွေ ပြောပြီး ဖုန်းနံပါတ်တွေ အပြန်အလှန်ပေးလို့ပေါ့။ သတိရရင် ဖုန်းဆက်ပါ ဘာညာပေါ့။ ဒီလိုနဲ့ နှစ်ရက်လောက်နေတော့ ညိုမိမိလှိုင်က ဖုန်းဆက်၍ မနက်ဖြန်နံနက်ကို ကော်ဖီတိုက်ချင်လို့ အားရင် လာခေါ်လှည့်မယ်။ ကျွန်တော့်နာမည်ကိုလည်း အဖျားဆွတ်၍ ‘ကိုအောင်’ တဲ့၊ တအားရင်းနှီးတဲ့ ပုံစံပေါ့။ အဲ့ဒီတော့ ကျွန်တော်ကလည်း ဟုတ်ကဲ့ လာခေါ်ပါပေါ့။ ကျွန်တော်ကလည်း တရင်းတနှီး ‘လှိုင်’လို့ ပြန်ခေါ်မိတယ်။ သူမရဲ့ ရယ်သံလွင်လွင်လေးကို ဖုန်းထဲကတစ်ဆင့် ကြားလိုက်ရတာဟာ ရင်ခုန်စရာပေါ့။

နောက်တစ်နေ့ နံနက် ၈ နာရီမှာ ဖုန်းသံကြားလို့ ကောက်ကိုင်လိုက်တော့ ‘ညိုမိမိလှိုင်’က ကော်ဖီဆိုင်သွားရန် လာခေါ်နေပြီဖြစ်ကြောင်း၊ အခုလမ်းထိပ်မှာ ရောက်နေပြီဖြစ်ကြောင်း ပြောခြင်းဖြစ်သည်။ ကျွန်တော်က အိမ်ရှေ့မှ ထွက်ကြိုပြီး ဧည့်ခန်းထဲမှာရှိသော ဖေဖေ၊ မေမေတို့နှင့်မိတ်ဆက်ပေး၍ ရေချိုးလိုက်ဦးမယ်ဆိုကာ ရေချိုးခန်းဝင်လိုက်ပါတယ်။ အဝတ်အစားလဲပြီး ရေမွှေးပါးပါးလေးဆွတ်ကာ ဦးဂျမ်းပုဆိုးကွက်စိပ်နှင့် စတစ်ကော်လံ ဗေဒါနုနုကို ဝတ်ပြီး မိဘနှစ်ပါးအား နှုတ်ဆက်၍ နှစ်ဦးသား ‘လှိုင်’ရဲ့ ကားနဲ့ပဲ ကော်ဖီဆိုင်ကို ထွက်လာကြတာပေါ့။ ကားလေးက မြို့ပြင်ဘက်ကို ဦးတည်ပြီး သွားနေတာကို သတိထားမိလို့ မေးကြည့်တော့ ခြံဝင်းကျယ်ကျယ်နဲ့ တိတ်ဆိတ်တဲ့ ဆိုင်ကို အွန်လိုင်းပေါ်မှာ တွေ့ထားလို့ အဲ့ဒီဆိုင်ကို သွားနေတာလို့ သူမက ပြန်ပြောပါတယ်။

တစ်နာရီနီးပါးအကြာမှာတော့ ကော်ဖီဆိုင်ကို ရောက်လို့လာပြီပေါ့။ ‘ကိုအောင်’ ရောက်ပါပြီ၊ သူ့ကိုများ ခိုးလာတယ်များထင်နေလား မသိပါဘူးဟု ပြုံးစစနှင့် ကျွန်တော့်ကို စပါသည်။ သူမ၏ ကားကို လုံခြုံရေးတစ်ဦးမှ ကားပါကင်သို့ မောင်းသွားပါသည်။ စိတ်ထဲမှာတော့ ထူးဆန်းတာပေါ့၊ သူမဒီဆိုင်ကို လာနေကျနေမှာပါလို့ စိတ်ထဲမှာ ထင်မိတယ်။ ဘယ်သူတွေနဲ့လဲ။ သူမကပဲ ဦးဆောင်ပြီး ကျွန်တော့်ကို ဆိုင်ထဲခေါ်လာပါတယ်။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာ ဧည့်သည်တွေ သိပ်မတွေ့ရသေးပါဘူး။ အစားအသောက်တွေက ဈေးကြီးလို့များလားလို့ပေါ့။ ဧည့်ကြိုမိန်းကလေးက 'VIP' ဆိုတဲ့ အခန်းလေးကို လိုက်ပို့လို့ နှစ်ဦးသား လိုက်ခဲ့ကြပါတယ်။ ဟုတ်တယ်ဗျ၊ ‘ညိုမိမိလှိုင်’ ပြောသလို ဧကအကျယ်ခြံကြီးထဲမှာ အဆောက်အအုံကြီးဆောက်ထားပြီး တစ်ခန်းနဲ့တစ်ခန်း စကားပြောသံတွေ မကြားရအောင် အသံလုံစနစ်နဲ့ အခန်းကို ဖွဲ့စည်းထားတာဟာလည်း အဆင့်မြင့်လွန်းပါတယ်။ အခန်းထဲမှာ ကြိုးဖုန်း တပ်ပေးထားပါတယ်။ CCTV လည်း တပ်ဆင်ထားပါတယ်။ စားပွဲတစ်လုံး၊ ကုလားထိုင်လေးလုံးကို စားပွဲခင်းအဖြူ ကုလားထိုင်စွပ်အဖြူတွေနဲ့ တန်ဆာဆင်ထားပါတယ်။

ခဏအကြာ ဖုန်းမြည်လာပြီး ‘စားသောက်မယ့်အစားအစာများကို မီနူးကိုကြည့်ပြီး မှာယူရန်အတွက် စားပွဲထိုးလေးလာနေပါပြီရှင်’ ဟု ပြောပြီး ဖုန်းချသွားပါတယ်။ လှိုင်က ကျွန်တော့်ကို ကြည့်ပြီး ကိုအောင်မှာချင်တာ မှာပါဆိုပြီး မီနူးကတ်ကို ကျွန်တော့်ဘက်သို့ တိုးပေးကာ သူမကတော့ ရေနွေးတစ်ပန်းကန်ကို အေးဆေးစွာ သောက်နေပါတယ်။ စားပွဲထိုးလေးလာသောအခါ ကျွန်တော်က စားချင်တာကိုမှာပြီး လှိုင်ကရောလို့ မေးလိုက်သောအခါ အစ်မကတော့ ထုံးစံအတိုင်းဟု ပြောလိုက်တဲ့အခါ စားပွဲထိုးလေးက ခေါင်းညိတ်ကာ ထွက်သွားပါတယ်။ ခဏအကြာတွင် ဇွန်းနှစ်ဇွန်းကိုကိုင်ကာ စားပွဲထိုးလေးက စားစရာများကို စားပွဲပေါ်သို့ အစီအရီ ချပေးပြီး အခန်းထဲက ထွက်သွားပါတယ်။ ထိုအချိန်မှာ လှိုင်က စားပွဲထိုးလေးကို လက်ကိုင်အိတ်ထဲမှ တစ်သောင်းတန်တစ်ရွက်ပေးလိုက်ပါတယ်။ မုန့်ဖိုးတဲ့ ကောင်လေးက လက်နှစ်ဖက်နှင့်ယူ၍ ခါးလေးညွတ်လို့ ကျေးဇူးပါ မမတဲ့။ မုန့်စားရင်း စကားပြောကြ၊ မိသားစုတွေအကြောင်း ပြောရင်းနဲ့ ‘ကိုအောင်ရဲ့ အဖေက စီးပွားရေးသမား၊ ယခုလက်ရှိလုပ်ငန်းကို တိုးချဲ့ချင်တယ်၊ တအားချမ်းသာချင်တယ်။ အမေနဲ့ မတူဘူး။ အမေက တရားထိုင် ပုတီးစိပ် တရားနာ ဒီအလုပ်တွေပဲ လုပ်တော့တယ်’ ။

သူမကလည်း လုပ်ငန်းတွေကို အဒေါ် တစ်ယောက်ရဲ့ စီမံခန့်ခွဲအောက်မှာပဲ လုပ်ကိုင်နေတဲ့ အကြောင်း၊ ထိုင်းမှာ ကုမ္ပဏီတစ်ခုနဲ့ စင်ကာပူမှာ ကုမ္ပဏီတစ်ခုရှိကြောင်း ကျွန်တော်သိအောင် ပြောပြပါတယ်။ တစ်နာရီလောက်ကြာတဲ့အခါမှာ စားသောက်ပြီး ပိုက်ဆံရှင်းတဲ့အခါ ငါးသောင်းကျပါတယ်။ လုံးဝမစားတဲ့ အစားအစာတွေကိုတော့ ပါဆယ်သေချာထုပ်ပေးပါ။ လူကြီးတွေ စားဖို့အတွက်မို့လို့တဲ့။ ပါဆယ်လာပို့ပေးတဲ့ စာပွဲထိုးလေးကိုလည်း ခုနကတစ်ယောက်လိုပဲ မုန့်ဖိုး တစ်သောင်းပေးလိုက်ပါတယ်။ ကျေးဇူးပါ မမတဲ့။ သူတို့ကတော့ တရင်းတနှီးပါပဲ။ ကျွန်တော့်ကို အိမ်ပြန်လိုက်ပို့ရင်း လုပ်ငန်းအကြောင်း၊ သူ့အကြောင်း၊ ကျွန်တော့်အကြောင်း၊ စီးပွားရေးအကြောင်း၊ ကုမ္ပဏီအကြောင်း၊ အဒေါ်ရဲ့အကြောင်း အို…စုံလို့ပါပဲ။ အိမ်ပြန်ရောက်တဲ့အခါ ယူလာတဲ့ ပါဆယ်ထုပ်တွေကို ဦးနဲ့အဒေါ်အတွက် လက်ဆောင်ပါတဲ့။ ဒီလိုနဲ့ သူမကတော့ အိမ်ကို တစ်ပတ်နှစ်ခါ၊ သုံးခါလောက်လာပြီး ကျွန်တော့်အဖေနဲ့ ရင်းနှီးမှုရအောင်ယူပြီး အဖေ့အကြိုက် စီးပွားရေးကို သူတို့ကုမ္ပဏီမှာ အစုရှယ်ယာဝင်နိုင်ကြောင်း ရွှန်းရွှန်းဝေအောင် ပြောနေတာတွေကို အဖေကတော့ သဘောတွေကျနေပြီး တပြုံးပြုံးနဲ့ပေါ့။ ဒီလိုနဲ့ အဖေက ရှယ်ယာဝင်ချင်ကြောင်း၊ ပြောသောအခါ မြန်မာပြည်မှာ ရှယ်ယာရှင်တွေ မခေါ်သေးကြောင်း ခေါ်လျှင် ပြောပါမည်ဟု ပြောပါတယ်။

ဒီလိုနဲ့ သူနဲ့ကျွန်တော် ကော်ဖီဆိုင်မှာ ထိုင်လိုက်၊ တစ်ခါတစ်ရံ ဟိုတယ်မှာ ထမင်းစားလိုက်နဲ့ အတော်လေးကို ရင်းနှီးလာပါတယ်။ ဘာစားစား၊ ဘာဝယ်ဝယ် သူမကပဲ ပိုက်ဆံရှင်းတာပါ။ ကျွန်တော်က ဘယ်တော့မှ မရှင်းရပါဘူး။ အလုပ်ကိစ္စနဲ့ အရေးတကြီး ခရီးထွက်နေရလို့ပါတဲ့။ အဒေါ်ကလည်း အလုပ်ကိစ္စမဟုတ်ရင်ဖုန်းကို မကိုင်စေချင်ဘူးတဲ့။ အဲ့ဒါကြောင့် စိတ်မဆိုးပါနဲ့တဲ့။ နောက်ရက်ကျမှ အိမ်ကိုလာခဲ့မယ်တဲ့၊ ကိုယ်ကတော့ နေမကောင်းဘူးမှတ်လို့ ဖုန်းဆက်လိုက်တာပါလို့ ပြောမိတယ်။ ဒါပေမဲ့ သူမ ဘယ်မှာနေတယ်ဆိုတာကိုတော့ ကျွန်တော် မမေးမိဘူး။ သူကလည်း ပြောမပြတော့ မသိဘူး။ အိမ်ကိုလည်း အလည်မခေါ်ဘူးလေ။ ကျွန်တော်ကလည်း ဘာအကြောင်းကြောင့် အိမ်ကို အလည်မခေါ်တာလဲလို့ မမေးမိဘူးပေါ့။

နောက်ရက်ကျတော့ ညိုမိမိလှိုင် အိမ်ကို လာပါတယ်။ ဖုန်းမဆက်ဘဲနဲ့ပေါ့။ လက်ဖက်နဲ့ အကြော်စုံရယ်၊ ဆနွင်းမကင်းနဲ့ ငါးရံ့ခြောက်တွေရယ် ခရီးသွားရာက ပြန်လာတာပါ။ ကြိုက်မယ်ထင်ပါတယ်လို့ ပြောပြီး ပစ္စည်းများကို လက်ဆောင်ပေးပါတယ်။ တစ်ဆက်တည်း ဦးလေးရှယ်ယာဝင်မယ့်ကိစ္စ မြန်မာပြည်က ရှယ်ယာရှင်တွေ ခေါ်ရင်ပြောမယ်နော်တဲ့၊ အခုက နိုင်ငံခြားကုမ္ပဏီနှစ်ခုကပဲ အလုပ်လုပ်နေသေးလို့ပါနော်။ ဦးရဲ့မိတ်ဆွေတွေထဲက ရှယ်ယာဝင်ချင်တဲ့သူရှိရင်လည်း ပြောပါဦးရှင့်၊ ‘လှိုင် ကော်ဖီသောက်လိုက်ပါဦး၊ အဖေလည်း ကော်ဖီသောက်လိုက်ပါဦး၊ မုန့်လည်း စားပါ၊ ပြီးမှ စကားဆက်ပြောပေါ့’လို့ ပြောလိုက်တော့ သူမက ညနေ ကိုအောင် အားလားတဲ့၊ ထမင်းလိုက်ကျွေးချင်လို့ပါတဲ့။ ဒီနေ့ သူ့မွေးနေ့မို့ နံနက်က ဘုရားကိုသွားပြီး ကုသိုလ်လည်းယူရင်း ပုတီးသက်စေ့လည်း စိပ်ခဲ့ပြီ၊ အလှူငွေလည်း လှူခဲ့ပြီလို့ သူမက ပြောပါတယ်။ အသက်ကတော့ ဘယ်နနှစ်လည်းလို့ မမေးတော့ပါဘူးနော်ဟု ကျွန်တော်က စသောအခါ သူမက ရယ်နေပါတယ်။ ညနေ ၆ နာရီလောက် လာခေါ်မည်ဟု ဆိုကာ နှုတ်ဆက်၍ ပြန်သွားပါတယ်။

ညနေတွင် ခါးကြီးပါတိတ် အညိုရောင် ဝမ်းဆက်ကို ဝတ်ဆင်လျက် မျက်နှာက မိတ်ကပ်ပါးပါးလေးနဲ့ နှုတ်ခမ်းနီကလည်း အညိုရောင်လေးဆိုးထားပြီး ဆံပင်ကိုတော့ နဖူးကို ပြောင်သိမ်းပြီး တစ်ပတ်လျှိုလေးနဲ့ပေါ့၊ ရေမွှေးနံ့လေးကလည်း စံပယ်ပန်းရနံ့သင်းသင်းလေးနဲ့၊ ဖိနပ်ကတော့ အပါးလေး စီးထားတာပေါ့။ ရတနာပစ္စည်းကတော့ ပလက်တီနမ် ဖန်စီလေးတွေ ဝတ်ထားပြန်တော့ တစ်မျိုးလှနေပြန်ရော။ ဒီတစ်ခါလည်း နာမည်ကြီးဟိုတယ်ကိုပဲ သွားတာပါ။ ဟိုတယ်ကို ရောက်တဲ့အခါ ဧည့်ကြိုကပဲ ကားကို ကားပတ်ကင်ဆီမောင်းသွားပြီး ခဏအကြာ ကားသော့လာပေးသွားပါတယ်။ ကျန်တဲ့ ဧည့်ကြိုကောင်မလေးကပဲ ဦးဆောင်ပြီး ဟိုတယ်လေးထပ်တိုက်ရဲ့ ပထမထပ်ကို ခေါ်သွားပါတယ်။ အခန်းရှေ့ရောက်တဲ့အခါ တံခါးဖွင့်လိုက်တော့ အလွန်အံ့ဩစရာ ကောင်းလောက်အောင် မြင်ရတဲ့ မြင်ကွင်းဟာ မှင်သက်မိလောက်အောင်ကို ဖြစ်ရပါတယ်။

ဘာလို့လဲဆိုတော့ အခန်းထဲမှာ အလင်းအားနည်းတဲ့ ရောင်စုံမီးလုံးလေး ထွန်းထားပြီး မွေးနေ့ကိတ်ကို ဖယောင်းတိုင်ရောင်စုံလေးတွေ စိုက်ကာထားပြီး ဂတ်စ်မီးခြစ်တစ်လုံးရယ်၊ ဝိုင်ပုလင်းနဲ့ ဖန်ခွက်နှစ်ခွက်ချထားပါတယ်။ အဲ့ဒီနောက်မှာ ဖယောင်းတိုင်ကို မီးညှိလိုက်မှ အလင်းရောင်နဲ့ကြည့်မိတော့ ‘ညိုမိမိလှိုင်’ ရဲ့ နှစ်ဆယ့်ငါးနှစ်မြောက် မွေးနေ့မင်္ဂလာတဲ့။ ဒီတော့မှ သူမရဲ့ အသက်ကို သိရတာပါ။ ဖယောင်းတိုင်မီးကို နှစ်ဦးသားမှုတ်ရအောင်နော်။ သူမက အဲ့သည်လို ပြောတော့ ကျွန်တော်က အလိုလိုခေါင်းညိတ်ပြီးသားဖြစ်သွားပါတယ်။ မီးမှုတ်ပြီးသောအခါ သူမက ကိတ်ကို ဓားနဲ့ခွဲပြီး ကျွန်တော့်ကို ခွံ့ကျွေးပါတယ်။ နောက်ပြီး သူမဟာ ဝိုင်ပုလင်းကို ကျင်လည်စွာဖွင့်ပြီး ဖန်ခွက်ထဲသို့ အနည်းငယ်စီထည့်လိုက်ပါတယ်။ ထို့နောက် စားပွဲထိုးကိုခေါ်ပြီး မီနူးထဲမှ အစားအစာများကို သူမရဲ့ စိတ်တိုင်းကျ မှာယူလိုက်ပါတယ်။ ကျွန်တော့်ကိုတော့ ဘာမှမမေးတော့ပါဘူး။ မွေးနေ့ရှင်ရဲ့ ဆန္ဒအတိုင်း ရောက်လာရင် စားရုံပဲလေ။ ဝိုင်ဖန်ခွက်ချင်းတိုက်ပြီး တစ်ငုံစီသောက်ရင်း ပန်းကန်ပြားထဲမှ ချိစ်အတုံးလေးများကို ခက်ရင်းဖြင့် ထိုးရင်း မြည်းကြပါတယ်။

စားစရာတွေရောက်လာသောအခါ ‘လှိုင်’ က ကိုအောင့်ကို စားစေချင်လို့ အမှတ်တရလဲ ဖြစ်ချင်လို့ ဥရောပအစားအစာတွေမှာလိုက်တာလို့ ပြောလိုက်တော့ ကျွန်တော်ကလည်း ခေါင်းညိတ်လိုက်ပါတယ်။ ကျွန်တော်က သူမကို မွေးနေ့ဆုမွန်တွေပေးပြီး အစားအစာတွေစားလိုက် ဝိုင်သောက်လိုက်နဲ့ပေါ့။ သူမက ကျွန်တော့်ထက် ပိုသောက်နိုင်တယ်ဗျာ။ ညစာစားပြီးတဲ့အခါမှာတော့ ဘေရှင်းမယ်ဆိုတော့ Kpay နဲ့ ရှင်းလိုက်ပါတယ်။ ဘယ်လောက်ကုန်တယ်ဆိုတာတော့ ကျွန်တော့်ကို မပြောပါဘူး။ မွေးနေ့လက်ဆောင် မပေးရဘူးဆိုလို့ ဘာမှမဝယ်ပေးခဲ့ရပါဘူး။ စားပွဲထိုးလေး နှစ်ဦးကို ပိုက်ဆံမုန့်ဖိုးပေးပြီး ကတ်နဲ့ဝိုင်ပုလင်းကိုလည်း မင်းတို့ပဲယူလိုက်တော့လို့ မှာခဲ့ပါတယ်။ စားပွဲထိုးလေးနှစ်ဦးက ကျေးဇူးတင်ကြောင်း ခါးလေးညွတ်ကာ ပြောကြပါတယ်။ အစားအစာတွေကလည်း စားပွဲပေါ်မှာ အပြည့်။ ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်းပဲ စားနိုင်ကြတာပါ။ အခန်းခရယ်၊ စားတာရယ်၊ အပြင်အဆင်တွေနဲ့ဆိုရင် သိန်းဂဏန်းတော့ ရှိမှာပေါ့။ ဒါပေမဲ့ ပိုက်ဆံဘယ်လောက်ကျသလဲလို့ မမေးပါဘူး။ သူမကတော့ ခပ်ပြုံးပြုံးပဲ။ စားပြီးတော့ ကျွန်တော့်ကို အိမ်ပြန်လိုက်ပို့ပြီး ပြန်သွားပါတယ်။

နောက်ရက်တွင် စင်ကာပူနိုင်ငံမှာ ရှယ်ယာဝင်ချင်ရင်ဝင်လို့ရပြီဖြစ်ကြောင်း၊ ဦးကိုယ်တိုင် လက်မှတ်ရေထိုးရမည်ဖြစ်ကြောင်း၊ လေယာဉ်ကိုလည်း အသွားအပြန်စရိတ်ငြိမ်း စီစဉ်ထားကြောင်း၊ ထိုင်းကုမ္ပဏီမှလည်း လက်မခံသေးကြောင်း ဖုန်းဖြင့် အကြောင်းကြားလာပါတယ်။ ကျွန်တော့်အဖေကလည်း သိန်းလေးထောင်ရှယ်ယာထည့်ချင်၍ လာနိုင်မည့်ရက်ကို ကြိုတင်အကြောင်းကြားပေးပါဟုပြောတော့ ကျွန်တော်က ဖုန်းပြန်ဆက်လိုက်ပါတယ်။ ညိုမိမိလှိုင်က နောက်နှစ်ရက်မှာ ကားအနက် အကောင်းစားကြီးနဲ့ လူနှစ်ဦး၊ ရှေ့နေတစ်ဦးရယ်၊ စာချုပ်စာတမ်းအပြည့်အစုံနဲ့ ရောက်လာခဲ့ပါတယ်။ ခေါ်လာတဲ့ လူနှစ်ဦး၊ သူမနဲ့ ရှေ့နေရော မက်စ်များကို တပ်ထားကာ ပိုက်ဆံများကို သေချာစွာစစ်၍ အားလုံးပြည့်ကြောင်းပြောပြီး ဆာလာအိတ်ထဲထည့်၍ ကားပေါ်သို့တင်နေချိန်တွင် အဖေရယ်၊ ကျွန်တော်ရယ်၊ သူမနဲ့ ရှေ့နေတို့က စာချုပ်ချုပ်ဆိုကာ ကျွန်တော်တို့က တစ်စောင်ယူထားပြီး သူတို့၏ လိပ်စာကတ်ကို ပေး၍ ပြန်သွားကြပါတယ်။ နောက်နှစ်ရက်ခန့်အကြာတွင် အကျိုးအကြောင်းသိချင်၍ ဖုန်းဆက်သောအခါ ဖုန်းကို လုံးဝမကိုင်ဘဲ စက်ပိတ်ထားပါတယ်။ တစ်နေကုန် အကြိမ် (၂၀)ထက်မနည်း ဖုန်းခေါ်သော်လည်းမကိုင်ပါ။ သူတို့ပေးထားသော လိပ်စာနဲ့ ဖုန်းတွေက တလွဲစီဖြစ်နေပြီး စုံစမ်းကြည့်သောအခါ ဘယ်နိုင်ငံမှာမှ ဒီနာမည်နဲ့ ကုမ္ပဏီမရှိဘဲ လိမ်ညာယုံအောင်ပြော၍ လူချင်းရင်းနှီးပြီဆိုမှ လိမ်သွားတာပါ။ ဒါဆိုရင် ‘ညိုမိမိလှိုင်’ က ဘာလဲ။ အခု ဘယ်မှာလဲ။

**မောင်မောင်လင်းထွဋ်**
**(နန်းတော်ရှေ့)**




# နိုင်ငံတကာ အားကစား သတင်းများ

## ကိုင်လီဟာဗက်ဇ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ



**လန်ဒန် ဖေဖော်ဝါရီ ၁၃**

အာဆင်နယ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကိုင်လီဟာဗက်ဇ်သည် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့်အနားယူရဖွယ်ရှိနေသည်။ **(ဓာတ်ပုံ)**

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် အာဆင်နယ်အသင်းက ဆန်းဒါးလန်းအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ကိုင်လီဟာဗက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ကိုင်လီဟာဗက်ဇ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၄ ပွဲ ကစားပြီး ၃၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(NGB)**

## ရှောင်ဒိုက်ကို နည်းပြရာထူးမှ နော်တင်ဟမ်ဖောရက်စ်အသင်း ထုတ်ပယ်

**လန်ဒန် ဖေဖော်ဝါရီ ၁၃**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းနည်းပြ ရှောင်ဒိုက်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၆ ပွဲ ကစားအပြီးတွင် ရမှတ် ၂၇ မှတ်ဖြင့် အဆင့်(၁၇)နေရာတွင် ရပ်တည်နေပြီး ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ရှောင်ဒိုက်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

နည်းပြ ရှောင်ဒိုက်သည် နော်တင်ဟမ်ဖောရက်စ်အသင်းကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၅ ပွဲတွင် ၁၀ ပွဲနိုင်၊ ခြောက်ပွဲ သရေ၊ ၉ ပွဲအထိ ရှုံးနိမ့်ထားသည်။



နော်တင်ဟမ်ဖောရက်စ်အသင်း၏ ထုတ်ပြန်ချက်တွင် 'ရှောင်ဒိုက်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ'ဟု ထုတ်ပြန်သည်။**(NGB)**

## နည်းပြ သောမတ်စ်တူချယ် အင်္ဂလန်လက်ရွေးစင်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဖေဖော်ဝါရီ ၁၃**

အင်္ဂလန်လက်ရွေးစင်အသင်းသည် အသင်းနည်းပြ သောမတ်စ်တူချယ်အား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် အင်္ဂလန်လက်ရွေးစင်အသင်းအား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၀ပွဲတွင် ၉ ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၅၂)နှစ်အရွယ်ရှိ နည်းပြ သောမတ်စ်တူချယ်က 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီအသင်း အောင်မြင်မှုများ ရရှိနိုင်ဖို့ အစွမ်းကုန် ပေးဆပ်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



## ပူလီဆစ်ကို ခေါ်ယူရန် လီဗာပူးအသင်း စိတ်ဝင်စား

**လန်ဒန် ဖေဖော်ဝါရီ ၁၃**

လီဗာပူးအသင်းသည် အေစီမီလန်အသင်း တောင်ပံကစားသမား ပူလီဆစ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၂၀ ကစားပြီး ၄၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

အေစီမီလန်အသင်းကလည်း ပူလီဆစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် အေစီမီလန်အသင်းထံမှ ပူလီဆစ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

**0-0-0-0-0-0**

## 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Vit Kopriva တက်ရောက်

**လန်ဒန် ဖေဖော်ဝါရီ ၁၃**

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်သို့ ချက်တင်းနစ်ကစားသမား Vit Kopriva တက်ရောက်ခဲ့သည်။ **(ဝဲပုံ)**



အဆိုပါ ချက်တင်းနစ်ကစားသမား Vit Kopriva သည် 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမား Matteo Berrettini အား ၆-၄၊ ၆-၃ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်ကစားသမား Vit Ko- priva နှင့် အိမ်ရှင် အာဂျင်တီးနားတင်းနစ်ကစားသမား Francisco Ce- rundolo တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၂-၂၀၂၆<br>ည ၈း၃၀ နာရီ | (၆)ကိုမို - ဗိုအိုရင်တီးနား(၁၈)<br>(W,W,W,D,W) (W,L,L,L,D) | ကိုမို ၀-၂ ဗိုအိုရင်တီးနား<br>ဗိုအိုရင်တီးနား ၀-၂ ကိုမို |
| ၁၄-၂-၂၀၂၆<br>ည ၁၁း၃၀ နာရီ | (၈)လာဇီယို - အတ္တလန်တာ(၇)<br>(L,D,W,D,W) (W,L,D,W,W) | လာဇီယို ၁-၁ အတ္တလန်တာ<br>အတ္တလန်တာ ၀-၁ လာဇီယို |
| ၁၅-၂-၂၀၂၆<br>နံနက် ၀၂း၁၅ နာရီ | (၁)အင်တာမီလန် - ဂျူဗင်တပ်(၄)<br>(W,W,W,W,W) (W,D,W,L,D) | အင်တာမီလန် ၄-၄ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၁-၀ အင်တာမီလန် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၂-၂၀၂၆<br>ည ၇း၃၀ နာရီ | (၆)အက်စ်ပန်ညို - ဆဲလ်တာဗီဂို(၇)<br>(D,L,L,L,L) (W,L,D,D,L) | အက်စ်ပန်ညို ၃-၁ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၀-၂ အက်စ်ပန်ညို |
| ၁၄-၂-၂၀၂၆<br>ည ၉း၄၅ နာရီ | (၁၁)ဂီတာဖေး - ဗီလာရီးရဲလ်(၄)<br>(L,L,D,D,W) (L,L,L,D,W) | ဂီတာဖေး ၁-၂ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၁-၁ ဂီတာဖေး |
| ၁၅-၂-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၁၃)ဆီဗီလာ - အလာဗက်စ်(၁၄)<br>(L,D,W,L,D) (L,W,W,L,L) | ဆီဗီလာ ၁-၁ အလာဗက်စ်<br>အလာဗက်စ် ၂-၁ ဆီဗီလာ |
| ၁၅-၂-၂၀၂၆<br>နံနက် ၀၂း၃၀ နာရီ | (၂)ရီးရဲလ်မက်ဒရစ် - ဆိုစီဒက်(၈)<br>(W,W,L,W,W) (W,D,W,W,W) | ရီးရဲလ်မက်ဒရစ် ၂-၀ ဆိုစီဒက်<br>ဆိုစီဒက် ၀-၂ ရီးရဲလ်မက်ဒရစ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၂-၂၀၂၆<br>ည ၉း၀၀ နာရီ | (၆)လေဗာကူဆင် - စိန့်ပေါ်လီ(၁၇)<br>(W,W,W,W,D) (D,D,L,L,W) | လေဗာကူဆင် ၂-၁ စိန့်ပေါ်လီ<br>စိန့်ပေါ်လီ ၁-၁ လေဗာကူဆင် |
| ။ | (၈)ဖရန့်ဖတ် - ဝလာဘတ်(၁၂)<br>(L,L,L,L,D) (L,D,L,D,D) | ဖရန့်ဖတ် ၂-၀ ဝလာဘတ်<br>ဝလာဘတ် ၁-၁ ဖရန့်ဖတ် |
| ။ | (၁၁)ဟမ်းဘတ် - ယူနီယံဘာလင်(၉)<br>(L,D,D,D,W) (D,D,L,L,D) | ———— |
| ။ | (၃)ဟော်ဖန်ဟိမ်း - ဖရိုင်းဘတ်(၇)<br>(W,W,W,W,L) (W,L,L,W,W) | ဟော်ဖန်ဟိမ်း ၁-၁ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၃-၂ ဟော်ဖန်ဟိမ်း |
| ။ | (၁၆)ဝါဒါဘရီမင် - ဘိုင်ယန်မြူးနစ်(၁)<br>(D,L,L,D,L) (L,W,D,W,W) | ဝါဒါဘရီမင် ၀-၅ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၃-၀ ဝါဒါဘရီမင် |
| ၁၅-၂-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၅)စတုဂတ် - ကိုလုံး(၁၀)<br>(W,W,W,W,L) (L,W,L,W,L) | စတုဂတ် ၁-၁ ကိုလုံး<br>ကိုလုံး ၀-၂ စတုဂတ် |

၂၂-၂၄

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၂-၂၀၂၆<br>ည ၁၀း၃၀ နာရီ | (၄)မာဆေးလ် - စထရာဘော့စ်(၇)<br>(W,L,D,W,L) (W,W,L,W,L) | မာဆေးလ် ၁-၁ စထရာဘော့စ်<br>စထရာဘော့စ် ၁-၀ မာဆေးလ် |
| ၁၅-၂-၂၀၂၆<br>နံနက် ၀၀း၃၀ နာရီ | (၅)လိုင်လီ - ဘရက်စ်(၁၂)<br>(L,L,W,L,D) (W,L,L,D,W) | လိုင်လီ ၃-၁ ဘရက်စ်<br>ဘရက်စ် ၂-၀ လိုင်လီ |
| ၁၅-၂-၂၀၂၆<br>နံနက် ၀၂း၄၅ နာရီ | (၁၅)ပါရီ - လန်းစ်(၂)<br>(W,D,D,L,D) (W,L,W,W,W) | ———— |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၂-၂၀၂၆<br>ည ၉း၃၀ နာရီ | (၁၁)ဒါဘီ - ဆွမ်ဆီး(၁၅)<br>(W,W,D,W,L) (D,W,L,W,W) | ဒါဘီ ၁-၂ ဆွမ်ဆီး<br>ဆွမ်ဆီး ၁-၀ ဒါဘီ |
| ။ | (၇)ပရက်စတန် - ဝက်ဖို့ဒ်(၁၂)<br>(L,L,L,D,W) (D,D,L,D,L) | ပရက်စတန် ၃-၀ ဝက်ဖို့ဒ်<br>ဝက်ဖို့ဒ် ၁-၂ ပရက်စတန် |
| ။ | (၁၃)ကျူပီအာ - ဘလက်ဘန်း(၂၂)<br>(D,D,L,W,D) (L,D,L,W,L) | ကျူပီအာ ၂-၁ ဘလက်ဘန်း<br>ဘလက်ဘန်း ၂-၀ ကျူပီအာ |

# ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံအမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**တောင်ကြီး ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စည်ပင်သာယာရေးဌာနအသင်းနှင့် လမ်းဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ယှဉ်ပြိုင်ကစားနေမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြရာ လမ်းဦးစီးဌာနအသင်းက စည်ပင်သာယာရေးဌာနအသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင် ရရှိသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အကောင်းဆုံးဂိုးသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားကျပ် တစ်သိန်းကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး တတိယဆုရရှိသော မီးသတ်ဦးစီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားကျပ် ခြောက်သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော စည်ပင်သာယာရေးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားကျပ် ရှစ်သိန်းကိုလည်းကောင်း၊ ပထမဆုရရှိသော လမ်းဦးစီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ် ငွေသားကျပ် ၁၀သိန်းနှင့် တံခွန်စိုက်ဆုဖလားတို့ကိုလည်းကောင်း အသီးသီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၃၆၈)




# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်

**ညောင်ဦး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း၊ စာစီစာကုံး၊ ကဗျာရွတ်၊ စစ်တုရင်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့က ဦးဆောင်၍ နိုင်ငံတော်အလံအလေးပြုခြင်းကို ဆောင်ရွက်ကြပြီး ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံမှ ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းတို့က (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာရွတ်၊ စစ်တုရင်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၄၈၁)

* — * — * — * — * — *

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၃**

သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့နေရသော ဒုက္ခသည်ပြည်သူများအား လတ်တလော စားဝတ်နေရေး သက်သာချောင်ချိမှုရရှိစေရေးအတွက် အထောက်အပံ့ပေးရန်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက်၊ အိုးအိမ်၊ ပစ္စည်းများဆုံးရှုံးမှု လျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တောင်တွင်းကြီးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များက အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးက ဘေးအန္တရာယ်ဆိုင်ရာ ထောက်ပံ့ငွေများ ပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် တရုတ်ကောအုပ်စု၊ သဖန်းကုန်းကျေးရွာရှိ အိမ်ထောင်စု ၇၅ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၂၅ ၀၀၀၀နှင့် ရွာသာကျေးရွာရှိ အိမ်ထောင်စု ၂၅ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၇၅၀၀၀၀၊ စုစုပေါင်း ငွေကျပ် သိန်း ၇၀ အား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(မိဿနီးမြေ)**





# မြေပြန့်(ရိုဘက်စတာ)ကော်ဖီစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မြေပြန့် (ရိုဘက်စတာ) ကော်ဖီစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယမန်နေ့မွန်းလွဲပိုင်းက စစ်ကိုင်းမြို့၊ အသခ်ယာရိပ်သာဝင်းအတွင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းများက မြေပြန့်(ရိုဘက်စတာ) ကော်ဖီပင် ၈၂ပင်အား စိုက်ပျိုးပေးခဲ့သည်။ အဆိုပါမြေပြန့် (ရိုဘက်စတာ)ကော်ဖီပင်များအား ပင်ကြား၊ တန်းကြားရှစ်ပေအကွာ စိုက်ပျိုးရပြီး သုံးနှစ်အရွယ်တွင် အသီးစတင်သီး၍ ငါးနှစ်အရွယ်တွင် ကော်ဖီစတင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) နေလင်းအောင်(ပြန်/ဆက်)**

# ဆန်စျေးနှုန်းများတည်ငြိမ်မှန်ကန်စေရေးအတွက် စားသုံးသူများထံ ရွှေဘိုပေါ်ဆန်း ခြောက်ပြည်တစ်အိတ်လျှင် ငွေကျပ် ၄၅၅၀၀ ဖြင့် ရောင်းချ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ဆန်စပါးကုန်သည်အသင်းတို့ ပူးပေါင်း၍ ဆန်စျေးနှုန်းများ တည်ငြိမ်မှန်ကန်စေရေးအတွက် စားသုံးသူများထံ ရွှေဘိုပေါ်ဆန်း ခြောက်ပြည်တစ်အိတ်လျှင် ငွေကျပ် ၄၅၅၀၀နှုန်းဖြင့် ချမ်းအေးသာစံမြို့နယ်၊ ၈၄လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး ဆန်စပါးကုန်သည်အသင်းတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း လက်လီလက်ကားရောင်းချနေသော ဆန်ဆိုင်များအနေဖြင့် သတ်မှတ်စျေးနှုန်းဖြင့် ရောင်းချလိုပါက တစ်ဆိုင်လျှင် ဆန်အိတ် ၅၀ ရောင်းချပေးမည်ဖြစ်ရာ ဆက်သွယ်မှာယူလိုပါက မန္တလေးတိုင်းဒေသကြီး ဆန်စပါးကုန်သည်အသင်းရုံး ဖုန်း ၀၉-၉၅၀၁၅၈၉၉၄၊ ၀၉-၇၉၀၇၄၈၃၄၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းမှာယူနိုင်ကြောင်း သိရသည်။

**(ယာပုံ)(၀၄၅)**



# (၃၇)ကြိမ်မြောက် စာအောင်သံဃာ ဆုနှင်းသဘင် ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၃**

အဘိဓမ္မမဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး၏ ဩဝါဒအရ မန္တလေးမြို့ ယောသူ၊ ယောသားများ အသင်းမှ ကြီးမှူးကျင်းပသော (၃၇)ကြိမ်မြောက် ယောနယ်ဖွား စာအောင်သံဃာ ဆုနှင်းသဘင်ကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ စိန်ပန်း၊ သဗြူးရပ်ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ပန်းနဂါးဓမ္မဗိမာန်တော်၌ကျင်းပရာ အသင်းဩဝါဒါစရိယ ဆရာတော်ကြီး ၁၇ ပါးနှင့် စာအောင်သံဃာ ၃၂ ပါး၊ စုစုပေါင်းသံဃာတော် ၄၉ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးယောသူ၊ ယောသားများ အသင်းနာယကကြီးများ၊ အသင်းအလုပ်အမှုဆောင်လူကြီးများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ မန္တလေးမြို့နေ ယောသူ၊ ယောသား အသင်းဝင်အလှူရှင်များ၊ ဝေယျာဝစ္စအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီးနောက် ပရိသတ်အပေါင်းတို့က နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ယောသူ၊ ယောသားများ အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင့်(အငြိမ်းစား တိုင်းအင်ဂျင်နီယာမှူးကြီး)က အခမ်းအနားကျင်းပခြင်းနှင့် စပ်လျဉ်းသော အကြောင်းအရာများကို ဖတ်ကြားလျှောက်ထားသည်။ ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများကိုယ်စား ဝိဇ္ဇာလင်္ကာရကျောင်းတိုက်နာယက ကလေးမြို့ သာစည်စမ်းချောင်း ဆရာတော် ဘဒ္ဒန္တပညာနန္ဒက အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။

ယင်းနောက် အသင်းနာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီး ၁၇ ပါးနှင့် စာအောင်သံဃာ ဓမ္မာစရိယကျမ်းပြီး သုံးပါး၊ ပထမကြီးတန်းလေးပါး၊ ပထမငယ်တန်းနှစ်ပါး၊ အခြေပြု မူလတန်းအောင်သံဃာ ၁၄ ပါးနှင့် သီလရှင် ဆရာလေးငါးပါး စုစုပေါင်း ၁၉ ပါး၊ သာမဏေကျော် (ပထမအဆင့်)လေးပါးတို့အား လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများကိုလည်းကောင်း၊ ယောဆရာတော်ကြီးမှ စာအောင်သံဃာများအတွက် လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများကို ဝိဇ္ဇာလင်္ကာရကျောင်းတိုက်ဆရာတော်ကြီးကလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းကြပြီးနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ (၃၇)ကြိမ်မြောက်တွင် တစ်ဦးတည်း ဆွမ်းအလှူရှင် ဖခင်ကြီး ဦးသန်းမောင် + မိခင်ကြီး ဒေါ်စိန်ပုတို့အား အမှူးထား၍ (သား)ဦးထွန်းနိုင် (အသင်းဒုဥက္ကဋ္ဌ၊ ယောရတနာ မြေကျောက်မျက်ကုမ္ပဏီ)၊ မြေးများဖြစ်ကြသည့် မဝင်းဝင်းမိုး၊ မောင်မင်းခန့်နိုင်၊ မောင်မင်းခန့်ထွန်း မိသားစုက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ကြွရောက်ချီးမြှင့်ကြသည့် ဧည့်ပရိသတ်အပေါင်းတို့အား ထမင်း၊ ဟင်း၊ အချိုပွဲတို့ဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

*-*-*-*-*

# မန်းရွှေစက်တော်ရာဘုရားပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကား



**မင်းဘူး ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ဘုရားကြီးတွင် ယခုနှစ် ဘုရားပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

"မန်းရွှေစက်တော်ရာဘုရားပွဲတော်ကြီးကို တပို့တွဲလဆန်း ၅ ရက်မှစပြီး အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိရာ ဘုရားဖူးလာရောက်ကြသူတွေ ညအိပ်တည်းခိုနားနေနိုင်စေဖို့ တည်းခိုဆောင်နဲ့ ဈေးဆိုင်ခန်းတွေကို သောင်ပြင်မှာ ဆောက်လုပ်ပေးထားပါတယ်။ ဘုရားဖူးပြည်သူတွေအနေနဲ့ စနေ၊ တနင်္ဂနွေနဲ့ အစိုးရရုံးပိတ်ရက်တွေမှာ လာရောက်လည်ပတ်သူတွေ ပိုများတာတွေ့ရပါတယ်။ ရပ်ဝေး၊ ရပ်နီးက ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူတွေကို တည်းခိုဆောင်တွေအပြင် ဘုရားပရိဝုဏ်အတွင်းက ဓမ္မာရုံတွေမှာလည်း ညအိပ်တည်းခိုရင်း စိတ်အေးချမ်းသာစွာနဲ့ ဘုရားဖူးမြော်နိုင်စေဖို့ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ဘုရားပွဲတော်ကြီး စတင်ဖွင့်လှစ်တဲ့နေ့မှစ၍ ယနေ့အထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူတွေက ကိုယ်ပိုင်ယာဉ်တွေ၊ ဘုရားဖူးယာဉ်တွေနဲ့ အဆက်မပြတ် လာရောက်လျက်ရှိပြီး ယခင်နှစ်ကထက် ဘုရားပွဲတော်လာ ပရိသတ်တွေ ပိုမိုစည်ကားလျက်ရှိပါတယ်"ဟု မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

(အပေါ်ပုံ)

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်များအပါအဝင်(တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း ၈၆ ရက်ကြာ ကျင်းပလျက်ရှိပြီး ပွဲတော်ကျင်းပစဉ်ကာလအတွင်း ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားနေကြောင်း သိရသည်။

(၅၀၀)

# လျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ထောက်ပံ့ငွေနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လုံးဝပျက်စီးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးမှုနေအိမ်များအား ပြုပြင်နိုင်ရန် ထောက်ပံ့ငွေနှင့် အိမ်ဆောက်ပစ္စည်း(ဘိလပ်မြေ၊ သွပ်၊ သံ၊ သစ်)များ ထောက်ပံ့ပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်ပိုင်ရှင်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက မြေပိုင်ဆိုင်မှု အထောက်အထားများ၊ နိုင်ငံသား မှတ်ပုံတင်စိစစ်ရေးကတ်များ၊ အိမ်ထောင်စုဇယားများနှင့် နေအိမ်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံများ စသည်တို့ကို စနစ်တကျ တိုက်ဆိုင်စစ်ဆေး၍ နေအိမ်တစ်စိတ်တစ်ပိုင်း ပျက်စီးမှု၊ အလုံးစုံပျက်စီးမှုတို့အတွက် နိုင်ငံတော်မှ သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ထောက်ပံ့ငွေနှင့် အိမ်ဆောက်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများနှင့် နေအိမ်ပိုင်ရှင် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

အလင်းသစ်



# သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကျီးအိပ်ကျေးရွာတွင် ဆည်ရေရရှိသည့် နေရာများတွင် စပါးသီးနှံကို အဓိကထားစိုက်ပျိုးပြီး ဆည်ရေမရသည့် ယာမြေများ၌ မြေအောက်ရေ(စက်ရေတွင်း)ကို အဓိကထားပြီး ငရုတ်၊ ကြက်သွန်၊ ငှက်ပျော၊ ဖူးစားပြောင်း၊ နေကြာ၊ သင်္ဘောနှင့် ကာလတိုသီးနှံများ စိုက်ပျိုးကြောင်းနှင့် ကျီးအိပ်ကျေးရွာတွင် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော ရွှေနီ (၁၆၈)သင်္ဘောမျိုး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သင်္ဘောစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ တောင်သူဦးဆန်းဝင်းက သင်္ဘောစိုက်ပျိုးသည့်အခါတွင် အပင်သေပျောက်မှု မရှိစေရန်အတွက် မျိုးစေ့များကို ဦးစွာ ပျိုးအိတ်များတွင် သဘာဝမြေဆွေးများထည့်ပြီး ပျိုးထောင်၍ သန်မာသည့်ပျိုးပင်များ ရွေးချယ်ကာ နေရောင်ခြည်ကောင်းစွာရရှိစေရန်နှင့် လေအဝင်၊ အထွက်ကောင်းမွန်စေရန်အတွက် မြေပေါင်များ ပြုလုပ်၍ တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ၁၆ ပေအကွာခန့် စိုက်ပျိုးကြောင်း၊ ၄င်းအကွာအဝေးအတိုင်း စိုက်ပျိုးခြင်းဖြင့် အသီးအထွက်နှုန်းကောင်းပြီး သီးလုံးကြီးထွားကြောင်းနှင့် အပင်ဖြစ်ထွန်းမှုကို ကြည့်ရှု၍ လိုအပ်သည့်အချိန်များတွင် ပိုးနှင်ဆေးနှင့် ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်းနှင့် ရာသီဥတုအခြေအနေပေါ်တွင် မူတည်၍ မြေအစိုဓာတ်မပြတ် ရေသွင်းပေးခြင်း၊ မြေဩဇာကျွေးပေးခြင်းများလည်း ပြုလုပ်ပေးရကြောင်း တောင်သူ ဦးဖိုးကဲက ပြောသည်။

သင်္ဘောပင်သည် စိုက်ပျိုးပြီး အပင်သက်တမ်း ခြောက်လခန့်တွင် ရောင်းတန်းဝင် သင်္ဘောသီးများ စတင်ခူးဆွတ်ရကြောင်း၊ ရာသီဥတုကောင်းမွန်ပြီး အပင်အပြုအစုကောင်းပါက အသီးခူးဆွတ်ရောင်းချချိန်၌ ရှစ်လခန့်ကြာအောင် ခူးဆွတ်ရောင်းချရကြောင်းနှင့် ရောင်းချရာ၌ အခါပွဲစားများက စိုက်ခင်းများအထိ ကွင်းဆင်းကာ လာရောက်ဝယ်ယူကြကြောင်းနှင့် သင်္ဘောသီးသည် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ကာ မြေဆီမြေဩဇာကောင်းသည့် မြေအမျိုးအစားတွင် စိုက်ပျိုးပြီး အပင်အပြုအစုကောင်းပါက အကျိုးအမြတ်ရရှိသည့် သီးနှံတစ်မျိုးဖြစ်သောကြောင့် စိုက်ပျိုးသင့်သည့် သီးနှံဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၅)



# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဘယ်လိုအဝတ်အစားပဲဝတ်ဝတ် အမြဲဖက်ရှင်ကျနေစေမယ့်အချက်များ

လူတစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းမတူတာကြောင့် ဝတ်ဆင်တဲ့ အဝတ်အစားပုံစံ၊ ဖက်ရှင်တွေကလည်း အမျိုးမျိုး ကွဲပြားကြပါတယ်။ မတူညီတဲ့ ဖက်ရှင်တွေ ဘယ်လောက်ပဲများနေပါစေ ကိုယ်ဝတ်ဆင်လိုက်တဲ့ပုံစံက ကိုယ်နဲ့လိုက်ဖက်ပြီး ကြည့်ကောင်းနေဖို့လိုတာကြောင့် ဘယ်လိုအဝတ်အစားပုံစံပဲဝတ်ဝတ် အထာကျနေချင်တယ်ဆိုရင်တော့ အခုပြောပြမယ့်အချက်တွေကို သိထားဖို့လိုအပ်ပါတယ်။

(၁) ကိုယ်ခန္ဓာနဲ့ လိုက်ဖက်သော ပုံစံကိုရွေးချယ်ပါ။ အမြဲတမ်းပြောင်းလဲနေတဲ့ ခေတ်ရေစီးကြောင်း ဖက်ရှင်တွေနောက်ကို လိုက်နေတာထက် မိမိရဲ့ ကိုယ်ခန္ဓာအချိုးအစားနဲ့ အလိုက်ဖက်ဆုံး၊ အားသာချက်ကို ပေါ်လွင်စေမယ့် အဝတ်အစား ပုံစံ (Cutting) တွေကို ရွေးချယ်ပါ။




(၂) အရောင်နဲ့ အဝတ်အစားအဆင် (Pattern) တွေကို နေရာတကာ ရွေးချယ်ဝတ်ဆင်တာက လည်း ကိုယ့်ရဲ့ ပုံပန်းသဏ္ဍာန်ကို ပိုကောင်းအောင် ဖန်တီးနိုင်ပါတယ်။


(၃) ရိုးရှင်းမှုနဲ့သပ်ရပ်မှုကို ဦးစားပေးပါ၊ အဝတ်အစားတွေ အများကြီး တစ်ခါတည်းရောထွေးဝတ်ဆင်တာမျိုးထက် ရိုးရှင်းပြီး အခြေခံကျတဲ့ အထည်များ (Basic Pieces) ကို အရည်အသွေးကောင်းကောင်းဝတ်ဆင်ပါ။

(၄) ဘယ်လောက်ပဲ ဈေးကြီးတဲ့ အဝတ်အစားဖြစ်ပါစေ၊ သပ်သပ်ရပ်ရပ်၊ တွန့်ကြေခြင်းမရှိဘဲ ဝတ်ဆင်ထားခြင်းက ဖက်ရှင်ကျမှုကို အထောက်အကူပြုပါတယ်။ ဒါကြောင့် အဝတ်အစားကို မီးပူတိုက်ပြီးမှ ဝတ်ဆင်ပါ။ **Daisy**

## အေးစိမ့်နေတဲ့အခါမှာ ခန္ဓာကိုယ်အတွင်းထဲအထိ နွေးထွေးနေစေမယ့် ရေနွေး

ရာသီဥတုအလွန်အေးလာတဲ့အခါမှာ အနွေးထည်တွေဘယ်လောက်ထပ်ဝတ်နေပါစေ အေးနေသေးတယ်ဆိုတာက ခန္ဓာကိုယ်တွင်းကအေးနေပြီး အနွေးဓာတ်မရရှိတာကြောင့်ပါ။ လုံလောက်တဲ့အနွေးဓာတ်ရဖို့ အပေါ်ကနေ အနွေးထည်တွေ ဝတ်ဖို့လိုတဲ့အပြင် ခန္ဓာကိုယ်တွင်း အနွေးဓာတ်ရဖို့ လိုအပ်တာကတော့ ရေနွေးတစ်ခွက်ပါပဲ။

ဆောင်းတွင်းမှာ ရိုးရိုးရေအေးအစား ရေနွေးနွေးလေး သောက်ပေးတာဟာ ခန္ဓာကိုယ်ကို အပြင်ပန်းတင်မကဘဲ အတွင်းပိုင်းကနေပါ နွေးထွေးကျန်းမာစေဖို့ အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ပါတယ်။




ရေနွေးသောက်ခြင်းက သွေးကြောတွေကို ပွင့်စေပြီး ခန္ဓာကိုယ်အနှံ့ သွေးစီးဆင်းမှု ကောင်းမွန်စေတဲ့အတွက် တစ်ကိုယ်လုံးကို နွေးထွေးလာစေပါတယ်။ အေးစိမ့်နေတဲ့အချိန်မှာ ရေနွေးက ခန္ဓာကိုယ်အတွင်းပိုင်း အပူချိန်ကို မြှင့်တင်ပေးပြီး အအေးဒဏ်ကို ခံနိုင်ရည်ရှိအောင် ကူညီပေးပါတယ်။ ဆောင်းတွင်းမှာ အဆီအဆိမ့်တွေစားတဲ့အခါ ရေနွေးသောက်ပေးခြင်းက အဆီတွေကို ချေဖျက်ရလွယ်ကူစေပြီး အစာကြေဖို့ လွယ်ကူစေပါတယ်။ ခန္ဓာကိုယ်ရဲ့ ဇီဝကမ္မဖြစ်စဉ်ကို မြန်ဆန်စေပြီး ချွေးနဲ့ ဆီးကတစ်ဆင့် အညစ်အကြေးတွေကို ဖယ်ရှားပေးတဲ့အတွက် ကိုယ်ခံအားကို မြှင့်တင်ပေးပါတယ်။ ရေနွေးက နေထွက်တဲ့ အခိုးအငွေ့တွေက ဆောင်းတွင်းမှာဖြစ်တတ်တဲ့ နှာခေါင်းပိတ်တာနဲ့ လည်ချောင်းနာတာတွေကို သက်သာစေပါတယ်။

ရေနွေးကို အလွန်အကျွံပူလွန်းတာမျိုးမဟုတ်တဲ့ သောက်လို့အဆင်ပြေရုံ နွေးနွေးလေးကို တစ်နေ့လုံး နည်းနည်းချင်းစီ မကြာခဏ သောက်ပေးတာက အကျိုးအရှိဆုံးဖြစ်လို့ ရိုးရိုးရေအေးအစား ရေနွေးကို သောက်သုံးကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ **Daisy**

## ဆောင်းတွင်းဖက်ရှင်မှာ ရွေးချယ်ဝတ်ဆင်သင့်တဲ့ အရောင်အတွဲအစပ်

ဆောင်းတွင်းမှာ နွေးထွေးတဲ့ ခံစားချက်ကို ပေးစွမ်းနိုင်ပြီး ဖက်ရှင်ကျစေမယ့် အရောင်တွဲဖက်မှုတွေကို ဖော်ပြပေးလိုက်ပါတယ်။

**၁။ နွေးထွေးပြီး တည်ငြိမ်သော အရောင်များ**

အညို၊ အုတ်ကျိုးရောင်နဲ့ အဝါခြောက်ရောင်တွေက သဘာဝနဲ့ နီးစပ်ပြီးတည်ငြိမ်တဲ့ ခံစားချက်ကိုပေးတာကြောင့် အေးမြခြောက်သွေ့တဲ့ ဆောင်းရာသီနဲ့ လိုက်ဖက်ပါတယ်။

**၂။ ခံ့ညားတဲ့ အရောင်ရင့်ရင့်များ**

ဝိုင်နီရောင်၊ အစိမ်းရင့်ရောင်နဲ့ နက်ပြာရောင်တွေက ဆောင်းတွင်းရဲ့ အေးမြတဲ့ ရာသီဥတုနဲ့ အလွန်လိုက်ဖက်ပြီး လူကို ပိုမိုခံ့ညား ပေါ်လွင်စေပါတယ်။

**၃။ အခြေခံအရောင်များ**

အနက်ရောင်၊ မီးခိုးရောင်၊ အသားရောင်နဲ့ အနက်ရောင်တွေက ဘယ်လိုအဝတ်အစားမျိုးနဲ့မဆို တွဲဖက်ရလွယ်ကူပြီး သန့်ပြန့်တဲ့ပုံစံကို ရရှိစေပါတယ်။

တွဲဖက်ဝတ်ဆင်နည်း-

(ဥပမာ - မီးခိုးရောင်)ကို အောက်ခံထားပြီး တောက်ပတဲ့အရောင် (ဥပမာ-ဝိုင်နီရောင်)ကို လည်စည်း(သို့မဟုတ်)အပေါ်ထပ်အင်္ကျီအဖြစ် တွဲဖက်ဝတ်ဆင်ခြင်းက ဆောင်းရာသီနဲ့လိုက်ဖက်ပြီး ပိုမိုစတိုင်ကျစေပါတယ်။ **Daisy**



## ချောင်းဆိုးခြင်းကို သက်သာစေတဲ့ ပျားရည်

အခုလိုဆောင်းတွင်းကာလမှာ ရာသီဥတုအအေးဓာတ်နဲ့ လေထုထဲမှာပါတဲ့ အမှုန်အမွှားနဲ့ ပိုးမွှားတွေကြောင့် ချောင်းဆိုးတာတွေ ဖြစ်တတ်ပါတယ်။ ခဏတာ ချောင်းဆိုးတာက ဘာမှမဖြစ်ပေမယ့် အမြဲလိုလိုချောင်းဆိုးနေတယ်ဆိုရင်တော့ ညအိပ်မရ၊ အလုပ်အကိုင်ပျက်တဲ့အထိ ဖြစ်တတ်ပါတယ်။

ချောင်းဆိုးတာကို သက်သာစေမယ့် အိမ်တွင်းနည်းလမ်းတစ်ခုကို မျှဝေပေးချင်ပါတယ်။ အဲ့ဒါကတော့ ပျားရည်နဲ့ရေနွေးပါပဲ။

ပြုလုပ်နည်းကတော့ ရေနွေးတစ်ဖန်ခွက်ထဲမှာ ပျားရည် လက်ဖက်ရည်ဇွန်း တစ်ဇွန်းမှ နှစ်ဇွန်းအထိ ထည့်ဖျော်ပြီး သောက်နိုင်ပါတယ်။ ပိုပြီး ထိရောက်စေချင်ရင် သံပရာရည် အနည်းငယ် ညှစ်ထည့်ပေးခြင်းဖြင့် ဗီတာမင်စီကိုပါ ရရှိနိုင်ပါတယ်။

ပျားရည်နဲ့ ရေနွေးဟာ ရှေးယခင်ကတည်းက သဘာဝဆေးကောင်းတစ်လက်အဖြစ် လူသိများပြီး ချောင်းဆိုးခြင်းကို ထိရောက်စွာ သက်သာစေပါတယ်။ ပျားရည်ရဲ့ ပျစ်ချွဲတဲ့ဂုဏ်သတ္တိက ယားယံနေတဲ့ လည်ချောင်းနံရံတွေကို အုပ်ပေးထားနိုင်တဲ့အတွက် ချောင်းဆိုးတာကို သိသိသာသာ လျော့ကျစေပါတယ်။

ပျားရည်မှာ သဘာဝအလိုက် ပိုးသတ်အာနိသင် (Antibacterial)နဲ့ ရောင်ရမ်းမှုကို လျှော့ချပေးနိုင်တဲ့ အာနိသင်များပါဝင်လို့ အအေးမိခြင်းနဲ့ ချောင်းဆိုးခြင်းကို သက်သာစေပါတယ်။

ရေနွေးနွေးလေးက လည်ချောင်းအတွင်းက ချွဲသလိပ်တွေကို ပျော့စေပြီး ချွဲတွေ အလွယ်တကူ ထွက်သွားအောင် ကူညီပေးပါတယ်။

ချောင်းဆိုးတာ အလွန်အခြေအနေဆိုးနေရင်တော့ နီးစပ်ရာဆေးခန်းမှာပြသပြီး ကုသမှုခံယူသင့်ပါတယ်။

**Daisy**

## ချွေးပေါက်ကျယ်ရတဲ့ အကြောင်းအရင်းများ

မျက်နှာအသားအရေကောင်းမွန်ခြင်းက အသားဖြူခြင်း၊ ညိုခြင်းနဲ့ မဆိုင်ပါဘူး။ မျက်နှာအသားအရေမှာ ဝက်ခြံ၊ ဆားဝက်ခြံ၊ အမည်းစက်တွေ မရှိပေမယ့်လည်း အသားအရေက ချွေးပေါက်ကျယ်နေရင် အဆီပြန်ပြီး အသားအရေက ချောမွေ့မနေဘဲ အပေါက်သေးသေးလေးတွေဖြစ်ပြီး ကြမ်းတမ်းနေမှာပါ။ ချွေးပေါက်ကျယ်တာ မျက်နှာအသားအရေသေချာထိန်းသိမ်းမှု မလုပ်လို့ ဖြစ်လာရတာပါ။ ချွေးပေါက်ကျယ်ရတဲ့အကြောင်းအရင်းတွေကို မျှဝေပေးလိုက်ပါတယ်။



မျက်နှာသစ်တဲ့အခါမှာ မျက်နှာသစ်ဆေးသုံးပေမယ့် အသားအရေရဲ့ အတွင်းထဲထိ သန့်ရှင်းပေးနိုင်ခြင်းမရှိတာကြောင့် အညစ်အကြေးတွေကြောင့် ချွေးပေါက်တွေ ကျယ်လာတတ်ပါတယ်။ ဆားဝက်ခြံတွေ အညစ်အကြေးတွေ မွှေးညင်းပေါက်လေးတွေထဲ ကျန်ခဲ့တဲ့အခါမျိုးမှာ ချွေးပေါက်လေးတွေလည်း တဖြည်းဖြည်း အရွယ်အစားချဲ့လာရတာကြောင့်ပဲဖြစ်ပါတယ်။

နေရောင်ခြည်ကို တိုက်ရိုက်ထိတွေ့တဲ့ အသားအရေတွေမှာ နေရောင်ခြည်ကြောင့် အသားအရေပျက်စီးပြီး ချွေးပေါက်တွေ ကျယ်လာနိုင်ပါတယ်။ ဒါကြောင့် Suncream ကို လိမ်းဖို့ အရေးကြီးပါတယ်။

အသားအရေအောက်ဆုံးလွှာက အဆီတွေအများကြီး ထုတ်လွှတ်လိုက်တဲ့အခါ ချွေးပေါက်လေးတွေက အဲ့ဒီအဆီညစ်တွေကို စွန့်ထုတ်ဖို့ ချွေးပေါက်လေးတွေ ချဲ့ပေးရင်းကနေ ကျယ်လာနိုင်တာကြောင့် အဆီပြန်တဲ့အသားအရေပိုင်ရှင်တွေဟာ ချွေးပေါက်တွေ ကျယ်နေကြတာကို တွေ့ရပါတယ်။

Skin care ပစ္စည်းတွေကို စနစ်တကျနဲ့ ပုံမှန်မလိမ်း၊ ထိန်းသိမ်းမှုတွေ ပုံမှန်မလုပ်ရင်လည်း ချွေးပေါက်ကျယ်လာနိုင်တာကြောင့် အသားအရေထိန်းသိမ်းတဲ့အပိုင်းကိုလည်း သေချာလုပ်ဖို့လိုအပ်ပါတယ်။ **Daisy**

# နယ်စပ်ဒေသ တမူးမြို့တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြော



**တမူး ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၄ နာရီက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းစိုးက ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်မာမာဝင်းက ကလေးအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်အရွယ် ကန့်သတ်ချက်များ၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ အဓိပ္ပာယ်ဖော်ပြချက်များ၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့် အကြောင်းအရာများကို ဟောပြောသည်။

ထို့အပြင် ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှုများလျှော့နည်းပပျောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်အချက်များ စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများကို (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြပြီး အသိပညာပေးပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များကို စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၉၄)

# ကျေးရွာစာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ဝိုင်းကျင်းပ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၁၃**

ပျော်ဘွယ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများအနက် စာဖတ်ဝိုင်း ကျင်းပခြင်းကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက မယ်ဇလီအိုင့်ကျေးရွာ အလင်းမေတ္တာစာကြည့်တိုက်၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးရွာနေပြည်သူများအားထားရသည့် စာကြည့်တိုက်ဖြစ်ပေါ်လာစေရေးတို့နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနေ စာပေဝါသနာရှင်များဖြင့် ဆရာကြီး ရွှေဥဒေါင်းရေးသားသည့် အကြံဉာဏ်ဖြင့် ကြီးပွားရေးစာအုပ်ကို ဖတ်ရှုကာ အပြန်အလှန်ဆွေးနွေးကြသည်။ (ယာပုံ)

စာဖတ်ဝိုင်းပြီးနောက် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း၊ ကျေးရွာနေပြည်သူများကလည်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

*-*-*-*-*-*



# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၁၄၀၂ ဦး ဝင်ရောက်ဖြေဆိုမည်

**မြို့သစ် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၄၀၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

မြို့သစ်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အ.ထ.က-၁(မြို့သစ်) စာစစ်ဌာနနှင့် အ.ထ.က(ဝါးကြီးအိုင်) စာစစ်ဌာန နှစ်ခုထားရှိပြီး အ.ထ.က-၁(မြို့သစ်)ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၆၈၂ ဦး၊ အ.ထ.က(ဝါးကြီးအိုင်)စာစစ်ဌာနတွင်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၇၂၀ ဦး စုစုပေါင်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူစာရင်းရှိ ၁၄၀၂ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

*-*-*-*-*-*




မျက်စိ
လျှကြ
မျက်ကြည်ရ
မြတ်သည့်
လျှုဒါန်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန်ဒလေး

## မွေးသောပန်းများ လန်းစေ

* ညီနောင်အများ
တည်ထောင်ထားတဲ့
ခံ့ညားမြန်မာ
နိုင်ငံတော်ကြီးပါ။

* ရှမ်း၊ ချင်း၊ ကချင်
ကရင်၊ ကယား
မြန်မာများနဲ့
မွန်သား၊ ရခိုင်
မြဲခိုင်လက်တွဲ
ညီညွတ်ဆဲနဲ့
သွေးမကွဲတဲ့
နိုင်ငံတော်ကြီးပါ။

* သွေးခွဲအဖျက်
ရိုက်နှက်ချက်နဲ့
ယိုင်လဲမသွား
ခိုင်မြဲထားတဲ့
နိုင်ငံတော်ကြီးပါ။

* ဘယ်သူခွဲခွဲ
တို့မခွဲ
ဘယ်သူဖျက်ဖျက်
တို့မပျက်
မြဲလျက်စိတ်ထား
တူညီအားနဲ့
သွေးဖည်မသွား
တိုင်းရင်းသားတွေပါ။

* တကယ်လို့သာ
လက်တွဲခွာရင်
ပြေးမြင်စမ်းပါ
တစ်ချိန်ခါက
တို့မှာ ကျွန်အောက်
သဘောက်ဖြစ်ရ
တို့ဘဝများ
ရင်နာမဆုံး
အသိဆုံးမို့
ဆုံးရှုံးမခံ
နိုင်ငံ့ရေးရေး
မျှော်မြင်တွေး၍
ဆွေးနွေးညှိနှိုင်း
အရိုင်းပန်းများ
ဖယ်ရှောင်ရှားကာ
မွေးသောပန်းများ လန်းစေသတည်း ။ ။

ခင်မောင်(ငါန်းငွှန်)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၄၄-၅)၊ ဦးပိုင်အမှတ်(၁၂၃/က)၊ ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်သည် ဦးလှဝင်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ ကျောက်ပြားကာ(၂)ထပ်အိမ်(၁)လုံး၊ မီး+ရေ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်သော (၁)ဒေါ်မြင့်မြင့်စန်း(ဘ)ဦးပေါက်စ (၉/ခမစ(နိုင်)၀၁၉၁၆၁)၊ (၂)ဒေါ်မြင့်မြင့်သိန်း(ဘ)ဦးပေါက်စ(၉/ခမစ(နိုင်)၀၁၉၁၆၂)၊ (၃)ဒေါ်မြင့်မြင့်ဝင်း(ဘ)ဦးပေါက်စ(၉/ခမစ(နိုင်)၀၁၉၁၆၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူသဖြင့် ရောင်းကြေးငွေများထဲမှ စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်ရက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စများကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်ဇင် (LL.B,D.B.L) ဒေါ်အိမွန်ကျော် (LL.B, D.B.L)**

**(တရားလွှတ်တော်ရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)**

**လမ်း(၄၀)၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၂၇၆၄၃၃၆၊ ၀၉–၉၇၄၃၈၈၈၈၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းရှည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂၀/တံတိုင်းရှည်အနောက်)၊ ဦးပိုင်အမှတ်(၂၄/၁၄၈)၊ ဧရိယာ(၄ ဒသမ ၅၈)ဧကနှင့် ဦးပိုင်အမှတ်(၂၈/၁၄၉)၊ ဧရိယာ(၅ ဒသမ ၄၆)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နန်းခမ်းမိုင်(ဘ)ဦးစိုင်းရွတ်(၁၃/တခလ(နိုင်)၀၈၅၉၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ သုခမင်္ဂလာ-၄၊ ခရေလမ်း၊ ကွင်းအမှတ်(၄၉၈-က/ကျိကုန်းကွင်း)၊ ဦးပိုင်အမှတ်(၄/၁၂၅+၁၂၆)၊ အကျယ်ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဒေါ်မော်လီ အမည်ပေါက် ဂရန်မြေကွက်အနက်မှ တောင်ဘက်ခြမ်း ဦးပိုင်အမှတ်(၄/၁၂၆)၊ အကျယ်ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစိုင်းနေထွန်း(ဘ)ဦးမောင်မောင်(၉/မကန(နိုင်)၀၈၃၀၂၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမြင့်သူ(LL.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၆)၊ ဦပိုင်အမှတ်(၈)+(၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)+(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်ကျော်မြင့် အမည်ပေါက် ဂရန်မြေကွက်များနှင့်ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးအောင်နိုင်(ဘ)ဦးကျော်နိုင်(၉/ခမစ(နိုင်)၀၄၃၅၇၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအားလုံးကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးရွှေမြင့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၂၄၆)**

**ဒေါ်သီရိကိုလှိုင် (LL.B), (LL.M)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၂၄)**

**၆၉လမ်း၊ ၃၃(A)လမ်းနှင့်၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၁၄၈၂၃၊ ၀၉–၂၀၀၂၃၄၈ ၊ ၀၉–၇၇၂၀၀၂၃၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(က)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(က/၁၈၉)၊ အကျယ်ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးစန်းမောင် အမည်ပေါက် ဂရန်မြေကွက်အနက်မှ အရှေ့ဘက်ခြမ်းအကျယ်ပေ(၂၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သန်းသန်း(ဘ)ဦးအီစာ(ခ)ဦးမြဒင်(၉/ပသက(နိုင်)၀၆၄၅၄၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမြင့်သူ(LL.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၁၀)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ချယ်ရီမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ မြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိတရားဝင် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ချယ်ရီမြင့်(ဘ)ဦးရဲမြင့်(၉/မရမ(နိုင်)၀၁၉၇၉၀) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအားလုံးကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးရွှေမြင့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၂၄၆)**

**ဒေါ်သီရိကိုလှိုင် (LL.B), (LL.M)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၂၄)**

**၆၉လမ်း၊ ၃၃(A)လမ်းနှင့်၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၁၄၈၂၃၊ ၀၉–၂၀၀၂၃၄၈ ၊ ၀၉–၇၇၂၀၀၂၃၄၈**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၃)၊ ဦးပိုင်အမှတ်(၅+၆)၊ ၅၃လမ်းနှင့်၅၄လမ်းကြား၊ ၁၃၉လမ်းနှင့်၁၄၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ဦး(၉/မရမ(နိုင်)၀၆၃၃၄၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၆)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးညွန့်အောင်(၉/မကန(နိုင်)၀၅၆၄၈၂)အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံခွင့်ရှိသူဖြစ်၍ တရားဝင်လက်ရှိလက်ရောက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ကြည်ခင်(ဘ)ဦးတင်(၉/မကန(နိုင်)၀၅၅၇၂၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စိမ့်ဝတ်ရည်ထက် (LL.B, LL.M, DBL) တရားလွှတ်တော်ရှေ့နေ**

**၁၄၀လမ်း၊ ၅၇လမ်းနှင့်၅၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၂၈၉၆၂၅၃၉၊ ၀၉–၂၅၅၄၅၂၆၅၆**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စီးအုပ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၃၅-က/စီးအုပ်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၆၇)၊ ဧရိယာ(၀ ဒသမ ၇၂)ဧကရှိ မြေနေရာအား ဒေါ်စုစုမာ(၉/အမရ(နိုင်)၁၀၃၃၅၂) အမည်ဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၃၀-၁၁-၂၀၂၅)ရက်စွဲပါစာအမှတ်၊ (၉/၁-၁၇/ဦး၆(၅၃၉)အရ သီးနှံသိုလှောင်ရုံဆောက်လုပ်ရန် မြေနေရာအဖြစ် အသုံးပြုရန် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်စုစုမာ(၉/အမရ (နိုင်)၁၀၃၃၅၂)အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၉)၊ တိုက်(၆)၊ အခန်း(၇)၊ ပထမထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သဲအိဖြူ(ဘ)ဦးမျိုးညွန့်(၉/အမဇ(နိုင်)၀၁၉၆၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေရည်ဝင့်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ဝေဝေအောင် (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ–၃)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၇၇၂၃၄၅၉၉၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၁)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧကရှိ ဦးသိန်းတန်(ခ)ဦးသိန်းဒန် အမည်ဖြင့် ချထားရရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ်တိုက်၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာတို့ဖြင့် ဝယ်ယူပိုင်ဆိုင်သူဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ခင်ရွှေ(၁/မကတ(နိုင်)၀၂၆၅၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လှိုင်ဋ္ဌေး(B.A,PGDL)**
**အထက်တန်းရှေ့နေ**
**65 Tower၊ မြေညီထပ်၊ ၆၄ဘီလမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ မဟာမြိုင်(၁)ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း: 09-402550551, 09-792888551, 09-426806829**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၄၇/ညောင်ပင်ရှေ့)၊ ဦးပိုင်အမှတ်(၁၉/၄)၊ ဧရိယာ (၀ ဒသမ ၈၂)ဧက အကျယ်အဝန်းရှိ ဦးမိုးဇော်(ဘ)ဦးမြင့်သိန်း ပုံစံ(၇)အမည်ပေါက် လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပုံစံ(၇)အမည်ပေါက်သူထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးအောင်မျိုးသူ(ဘ)ဦးကြည်ဆွေ(၉/ပသက(နိုင်)၁၀၂၇၅၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ၊ စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်စန္ဒီသန့်ဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(၅၆–B)လမ်းသွယ်၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၈၉၇၈၉၂၄၅၊ ၀၉–၇၇၇၂၂၂၃၅၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်အမှတ် (၈၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးငွေးမောင် အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၂)ထပ် အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းစိုး(ဘ)ဦးတင်စိုး(၁၀/သထန(နိုင်)၂၂၈၈၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းလဲ့ရည်(LL.B) ဒေါ်သွယ်ဆက်ပိုင်(LL.B)**
**အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**(စဉ်–၅၄၂၂၃) (စဉ်–၅၆၁၆၇)**
**၁၂၈လမ်းနှင့် ၅၃လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**၀၉–၇၉၀၉၁၁၀၉၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၁)၊ ဦးပိုင်နံပါတ်(၂၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးထွန်းလှ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးအောင်ကိုထွန်း(ဘ)ဦးထွန်းတင်(၉/မမန(နိုင်) ၀၀၂၇၅၄)နှင့် ဦးကျော်သူ(ဘ)ဦးမြင့်ဆွေ(၅/ခဥတ(နိုင်)၀၇၂၉၀၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင်(LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမို့မို့ထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်နံပါတ်(၁၃၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁) ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးထွန်းကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်စန်း(ဘ)ဦးထွန်းတင်(၉/မရတ(နိုင်)၀၈၆၄၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၄)၊ ဦးပိုင်နံပါတ်(၁၀၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးချစ်အောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းသူရ(ဘ)ဦးမောင်တင်(၉/မရတ(နိုင်)၁၁၂၈၀၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၀)၊ ဦးပိုင်နံပါတ်(၅၉-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၅၄)ဧက အကျယ်အဝန်းရှိ ဒေါ်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မြင့်(ဘ)ဦးမျိုးမြင့်(၉/မရတ(နိုင်)၀၅၁၄၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

❖ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏အသက်ပင်ဖြစ်...
❖ ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု၊ ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရအောင် အနုပညာစွမ်းအားဖြင့် စေ့ဆော်မြှင့်တင်ပေးရန် တိုက်တွန်းမှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပုပ္ပားတောင်အမျိုးသားဘူမိဉယျာဉ် စန္ဒကူးတောမှ ရွှေသမင်များကို ခရီးသွားများ အထူးစိတ်ဝင်စား

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအဆင့် ဘူမိဉယျာဉ်ဖြစ်သည့် ပုပ္ပားတောင် အမျိုးသားဘူမိဉယျာဉ်တွင် ခရီးသွားများ မပြတ်ဝင်ရောက်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ပုပ္ပားတောင် အမျိုးသားဘူမိဉယျာဉ်ရှိ စန္ဒကူးတောမှ ရွှေသမင်များကို အထူးစိတ်ဝင်စားကြကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေမြေတောတောင်လှပသည့် ပုပ္ပားတောင် အမျိုးသားဘူမိဉယျာဉ်၏ ပြကွက်တစ်ခုဖြစ်သည့် ရွှေသမင်များကို ခရီးသွားများ အထူးစိတ်ဝင်စားမှုနှင့်အတူ စိမ်းလန်းစိုပြည်သည့် သဘာဝသစ်တောများ၊ ငှက်မျိုးစုံနှင့် တောရိုင်းတိရစ္ဆာန်များ၊ အိုအေစစ်သဖွယ်တည်ရှိနေသည့် ရေကန်များနှင့် တောတောင်ရှုခင်းအလှများ၊ စန္ဒကူးသစ်တော၊ ပရဆေးပင်များ မီးတောင်ဟောင်း၏ သဘာဝတွင်းထွက်များ၊ ငှက်မျိုးစိတ်များနှင့် ရှားပါးတိရစ္ဆာန် ရွှေသမင်နှင့် မျောက်မျက်ကွင်းဖြူတို့ကိုလည်း ကြည့်ရှုလေ့လာကြလေ့ရှိသည်။

စာမျက်နှာ ၇ သို့ ⊙



ပုပ္ပားတောင်အမျိုးသားဘူမိဉယျာဉ် စန္ဒကူးတောအတွင်းရှိ မြန်မာ့ရွှေသမင်များကို တွေ့ရစဉ်။

## ဇန်နဝါရီလအတွက် ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံး နည်းပြဆုကို မိုက်ကယ်ကာရစ် ဆွတ်ခူး

**လန်ဒန် ဖေဖော်ဝါရီ ၁၃**

ပရီးမီးယားလိဂ်မှ လစဉ်လတိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသည့် ဇန်နဝါရီလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို မန်ယူအသင်း နည်းပြ မိုက်ကယ်ကာရစ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ နည်းပြသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းတွင် မန်ယူအသင်းအား ပရီးမီးယားလိဂ်ပွဲစဉ် နှစ်ပွဲကိုင်တွယ်ပြီး နှစ်ပွဲစလုံး အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုလို တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြ မိုက်ကယ်ကာရစ်သည် မန်ယူအသင်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၃ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲစုံ ၅ပွဲတွင် ၄ပွဲနိုင်၊ ၁ပွဲသရေဖြင့် ရှုံးပွဲမရှိအောင်လည်း စွမ်းဆောင်ထားနိုင်ခဲ့သည်။

အသက်(၄၄)နှစ်အရွယ်ရှိ မိုက်ကယ်ကာရစ်က "ကျွန်တော် အခုလို တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် အသင်းအတွက် အောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

ပရီးမီးယားလိဂ်မှ ပေးအပ်သည့် ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကိုမူ ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူး အီဂေါ်သီယာဂိုက ဆွတ်ခူးရရှိခဲ့သည်။

(NGB)




## ရင်းနက်စ်အသင်းက ပီအက်စ်ဂျီအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ပါရီ ဖေဖော်ဝါရီ ၁၃**

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂)အဖြစ် ရင်းနက်စ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရင်းနက်စ်အသင်းက ပီအက်စ်ဂျီအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရင်းနက်စ်အသင်းသည် ယခုပွဲစဉ်တွင် အသင်းလိုက် စုဖွဲ့မှုအားကောင်းကောင်းဖြင့် ပီအက်စ်ဂျီအသင်းကို ရင်ဆိုင်ခဲ့ပြီး သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရင်းနက်စ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် မူဆာတာမာရီ၊ ပွဲချိန် ၆၉ မိနစ်တွင် လီပေါလ်၊ ပွဲချိန် ၈၁ မိနစ်တွင် အမ်ဘိုလိုတို့က အသီးသီး သွင်းယူပေးခဲ့ကြပြီး ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုး တစ်ဂိုးကိုမူ ပွဲချိန် ၇၁ မိနစ်တွင် ဒမ်ဘီလီက သွင်းယူပေးခဲ့သည်။

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂) ယှဉ်ပြိုင်ကစားအပြီးတွင် ပီအက်စ်ဂျီအသင်းက ရမှတ် ၅၁မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်နေပြီး ရင်းနက်စ်အသင်းမှာမူ ရမှတ် ၃၄ မှတ်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

(NGB)

၀-၀-၀-၀

